ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၂ရက်၊ တနင်္လာနေ့၊ (22-3-2004) (၄၁၈၃)

သုဘာသိတာ စ ယာဝါစာ တေံ မင်္ဂလ မုတ္တမံ။	ချိုသာစွာ ပြောဆိုခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

မိဘပြည်သူကို အလုပ်အကျွေးပြု

တပ်မတော်သားတွေဟာ ပြည်သူကြားက ပေါက်ဖွားလာတဲ့ ပြည်သူ့တပ်မတော်သားတွေ ဖြစ်တယ်။ ဒါကြောင့် စစ်တိုက်ရန်နဲ့ လေ့ကျင့်ရန် မရှိက မိဘပြည်သူကို အလုပ်အကျွေးပြုကြရမယ်။ ရောက်လေရာဒေသကို ကိုယ့်ဇာတိရပ်ရွာလို သဘောထားပြီး ပြည်သူ့အကျိုးပြု လုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်ကြရမယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း
အမှတ်စဉ်(၄၆) သင်တန်းဆင်းပွဲမိန့်ခွန်းမှ-

ဗိုလ်ချုပ်ကြီး သူရရွှေမန်း တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းများ ချီတက်လေ့ကျင့်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ယနေ့နံနက်ပိုင်းတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားၜ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းများ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန်(တပ်ပါ) ချီတက်လေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ် ဉာဏ်ဝင်း၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းများ(တပ်ပါ) ချီတက်လေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနား တက်ရောက်ခွင့်ရရှိသော မော်ကွန်းဝင်များ ဖိတ်စာထုတ်ယူနိုင်

ရန်ကုန် မတ် ၂၁

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ခွင့်ရရှိကြသော ရန်ကုန်တိုင်းအတွင်းမှ မော်ကွန်းဝင် ပထမဆင့်နှင့် ဒုတိယဆင့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို မတ် ၂၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် လည်းကောင်း၊ တတိယဆင့်ပုဂ္ဂိုလ်များ၏ အမည်စာရင်းများကို မတ် ၂၂ရက်ထုတ် ကြေးမုံ သတင်းစာတွင်လည်းကောင်း ဖော်ပြထားသည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်ခွင့်ရရှိသူများသည် ဖိတ်စာများကို ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်(၂၁၂)ရှိ မြန်မာ့သတင်းစဉ်တွင် မတ် ၂၄ရက်မှ ၂၆ရက်အထိ နေ့စဉ် နံနက် ၉နာရီခွဲမှ ညနေ ၄နာရီအတွင်း မိမိတို့၏ အမျိုးသားမှတ်ပုံတင် ကတ်ပြားများဖြင့် လာရောက်ထုတ်ယူနိုင်သည်။ (သတင်းစဉ်)

နိုင်ငံတော် ပွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၂-၃-၂၀၀၄
(တနင်္လာနေ့)

ဒို့တာဝန်အရေးသုံးပါး ထာဝစဉ်ဦးထိပ်ထား
ပြည်သူ့အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်

အမျိုးသားနိုင်ငံရေးကို အစဉ်ရှေးရှုဆောင်ရွက်ခဲ့သော တပ်မတော်သည် နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုလျက်ရှိသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်သူတို့၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု စွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရသည် အမျိုးသားရေးမူဝါဒနှင့်အညီ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂) ရပ်ချမှတ်ကာ နိုင်ငံတော်ကြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ဘက်စုံ၊ ကဏ္ဍစုံက အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒမှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးပင်ဖြစ်သည်။ တပ်မတော်က ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ် ဦးထိပ်ပန်ဆင်ထားသည်။

ဒို့တာဝန်အရေးသုံးပါးသည် တပ်မတော်က မမိုတ်မသုန်လက်ခံထားသည့် ယုံကြည်ချက်ဖြစ်သကဲ့သို့ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးတာဝန်လည်းဖြစ်သည်။ တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာမည့် ပြည်တွင်းရန်၊ ပြည်ပရန်ဟူသမျှကို ရှုပ်ရှုပ်ချွချွ ကာကွယ်ချေမှုန်းသွားမည်သာဖြစ်သည်။

ယင်းသို့ ကာကွယ်နိုင်မှသာ မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ရပ်တည်နိုင်မည်ဖြစ်သည်။ မျက်မှောက်ကာလတွင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကြီးများနှင့် ဖွံ့ဖြိုးတိုးတက်စနိုင်ငံငယ်များပါ မိမိနိုင်ငံကို မိမိကာကွယ်နိုင်ရေးအတွက် စစ်ရေးစွမ်းအားများ တစ်စတစ်စ တည်ဆောက်လာကြသည်ကို တွေ့မြင်နေရသည်။ ထို့ကြောင့် နိုင်ငံတော်က မိမိနိုင်ငံတော်ကို အပြည့်အဝ ကာကွယ်နိုင်ရေးအတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသည့် ခေတ်မီတပ်မတော်ကို တည်ဆောက်လျက်ရှိသည်။

သမိုင်းစဉ်တစ်လျှောက် အမျိုးသားနိုင်ငံရေးကို ကာကွယ်စောင့်ရှောက်ခဲ့သော တပ်မတော်သည် မျက်မှောက်ကာလတွင်လည်း အဓိကတာဝန်ကြီးသုံးရပ်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် တပ်မတော်၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ **တပ်မတော်ဆိုတာ နိုင်ငံတော်နဲ့နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်ဖို့ ဖွဲ့စည်းထားတာဖြစ်တယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ မြေထု၊ ရေထု၊ လေထု ပိုင်နက်နယ်နိမိတ်ကို ကာကွယ်စောင့်ရှောက်ရမယ်၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရမယ်၊ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွားမှန်သမျှကို ကာကွယ်စောင့်ရှောက်ရမယ်၊ နိုင်ငံသားတို့ရဲ့ အသက်အိုးအိမ် စည်းစိမ်ကို လုံခြုံအောင်ကာကွယ်စောင့်ရှောက်ကြရမယ်** ဟူ၍ မှာကြားခဲ့သည်။

ထို့ကြောင့် တပ်မတော်သည် နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝရတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ထမ်းဆောင်လျက်ရှိသည်။ တစ်ချိန်တည်းတွင် တိုင်းရင်းသား ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံစေရန် ကာကွယ်စောင့်ရှောက်လျက်ရှိသည်။

ထို့အပြင် တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရင်း နေရာဒေသအသီးသီးသို့ ရောက်ရှိကြသည့်အခါတွင်လည်း မိမိဇာတိရပ်ရွာကဲ့သို့သဘောထားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသည်။

သို့ဖြစ်ရာ ပြည်သူလူထုအတွင်းက ပေါက်ဖွားလာသော အစဉ်အလာကြီးမားသည့် တပ်မတော်သည် ဒို့တာဝန် အရေးသုံးပါးကို ထာဝစဉ်ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံစေရေးအတွက် ထာဝရကာကွယ်စောင့်ရှောက်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကြိုဆို ဂုဏ်ပြုကဗျာ

ချစ်သောပြည်သူသို့

★ ငါတို့မြို့တော်၊ ရှုလိုက်သော်မူ
တောင်ပေါ်မြေပြန့်
အနံ့ဖောက်ကား၊ ယာဉ်ရထားတို့
သွားချည်လာချည်၊ ခရီးသည်နှင့်
ကုန်စည်စီးဆင်း၊ ပိတ်ပင်ကင်းသည်
ရှုခင်းသာယာလှသည်တကား။

★ ငါတို့မြို့တော်၊ ရှုလိုက်သော်မူ
ပျံ့ကျော်ထုံမွှမ်း၊ ရင်ငြိမ်းချမ်းအောင်
ပန်းဥယျာဉ်သစ်၊ တံတားသစ်နှင့်
ခေတ်မီလှစွာ၊ ရောင်စုံဖြာသည့်
တိုက်တာ အိမ်အိုး၊ အလှတိုးသည်
မြတ်နိုးခင်မင်ဖွယ်ပါတကား။

★ ငါတို့မြို့တော်၊ မြင်လိုက်သော်မူ
မြေပေါ် မြေအောက်၊ ဖျက်မှောက်ဆိုးသွမ်း
ဟော့ရမ်း သွေးနှီး၊ ပုဆိန်ရိုးများ
ချိုးနှိမ်ကင်းပြတ်၊ ငြိမ်းချမ်းလတ်အောင်
စောင့်ကြပ်လျက်သော်၊ တပ်မတော်နှင့်
မြို့တော်လုံခြုံသည်တကား။

★ အို…ချစ်သောပြည်သူ၊ နားဆင်မူလော့
ပြည်သူတို့မြို့၊ ဂုဏ်မချို့ဘဲ
ဤသို့တင့်တယ်၊ ဤနှယ်လှပ
ဤမျှနုပျို၊ ရှိသည်ကိုလျှင်
မလိုတမာ၊ အဘိရှာဖြင့်
ကောလာဟလ၊ ဖြန့်ချိကြလိမ့်
အလှပျက်ကြောင်း၊ ပါးစပ်မောင်းဖြင့်
အကောင်းမဆို၊ မကောင်းဆိုလိမ့်
ထိုထိုသူများ၊ ပြည်သူ့ကြား၌
လှုပ်ရှားနိုင်ခြင်း၊ မရှိကင်းအောင်
ရိုင်းပင်းပြည်သူ၊ ဝိုင်းဝန်းကူလော့
အေးတူပူအမျှ၊ ညီညွတ်ကြလော့
သို့မှ 'မြန်မာ'၊ ဤကမ္ဘာ၌
ကြည်သာစွန့်ရှည်၊ မြဲခြိမ့်မည်ကို
ပြည်သူ့ရင်ထဲ စွဲစေသတည်း။ ။

စိုးမိုး(ပုသိမ်)

ကမ္ဘာလှည့်ခရီးသည်များ လုံခြုံမှုစောင့်ရှောက်ရေး သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၂၁

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကမ္ဘာလှည့်ခရီးသည်များ လုံခြုံမှု စောင့်ရှောက်ရေးသင်တန်း အမှတ်စဉ်(၇/၂၀၀၃)ဆင်းပွဲကို မတ် ၁၉ရက် နံနက်၇နာရီခွဲတွင် ပြည်ထဲရေးဝန်ကြီးရုံး စုစည်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲတွင် ပထမဆုရရှိသော သတင်းတပ်ဖွဲ့မှ ဒုတိယရဲအုပ်ဝင်းညွှန့်၊ ဒုတိယဆုရရှိသော မှုခင်းရဲတပ်ဖွဲ့မှဒုတိယရဲအုပ်နော်လင်းအောင်၊ တတိယဆုရရှိသော ရှမ်းပြည်နယ်(မြောက်ပိုင်း) ရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ်ရဲထွန်းတို့အား ဒုတိယရဲချုပ်က ဆုများပေးအပ်ချီးမြှင့်ပြီး ကျောင်းဆင်းစာတမ်း ဂုဏ်ပြုဆုများ၊ သင်တန်းဆင်းလက်မှတ်များနှင့် ပြည်ပနည်းပြဆရာများအား ဂုဏ်ပြုလက်ဆောင် ပစ္စည်းများကို ပေးအပ်သည်။ (သတင်းစဉ်)

နဝဒေးစစ်ကြောင်းသို့ အလှူငွေနှင့်ငါးများလှူဒါန်း

ရန်ကုန် မတ် ၂၁

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နဝဒေးစစ်ကြောင်းသို့ ငါးများနှင့် အလှူငွေများလှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်၁၁နာရီခွဲတွင် စစ်ကြောင်းရုံးတည်ရှိရာ ရေဝတီရေတပ်စခန်းဌာနချုပ် နဝဒေးစစ်ကြောင်း ရုံး၌ကျင်းပရာ နဝဒေးစစ်ကြောင်း စစ်ကြောင်းမှူး ဗိုလ်မှူးကြီး အောင်သော်ထံသို့ ပြည်အောင်ရတနာကုမ္ပဏီလီမိတက်မှ ဒါရိုက်တာဦးကျော်နိုင်က ငါးပိဿာ ၃၀၀၊ အလှူငွေကျပ်တစ်သိန်းနှင့် ဦးကျော်ယုက အလှူငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)** အဆိုပါ အခမ်းအနားသို့ စစ်ကြောင်းမှ အရာရှိ/ စစ်သည်များ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

၁၀ ရက် တရားအားထုတ် စခန်းပွဲ

ရန်ကုန် မတ် ၂၁

ဧပြီ ၇ ရက်မှ ၁၇ ရက်အထိ သင်္ကြန် တရားစခန်းအားထုတ်ပွဲ ကျင်းပမည် ဖြစ်၍ အားထုတ်လိုသူများ အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အဖျော်ရည်လှူဒါန်းလိုသူများနှင့် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်လိုသူများအတွက် သင်္ကန်းပရိက္ခရာ အစုံ ပြည့်စုံအောင် စီစဉ်ပေးမည်ဖြစ်ရာ အလင်းရောင် မဟာစည်သာသနာ့ရိပ်သာ ခတ္တာလမ်း (၁) ရပ်ကွက် မြောက်ဥက္ကလာပ ဖုန်း ၆၆၅၃၀၇ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

သမိုင်းထင်ရှား ကျန်စစ်သား

မနုဿကျော်ဝင်း

အချိန်ကား အေဒီ ၁၀၈၃ ခုနှစ်တွင် ဖြစ်၏။ ပုဂံပြည့်ရှင် မင်းမြတ် အနော်ရထာသည် စည်းလုံးညီညွတ်သော၊ ဘက်စုံဖွံ့ဖြိုးတိုးတက်သော ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ပေးခဲ့သော်လည်း ၎င်း၏ သားတော် စောလူးမင်းလက်ထက်၌ လက်ရုံးရည်၊ နှလုံးရည်မပြည့်ဝမှု၊ အုပ်ချုပ်ပုံ ညံ့ဖျင်းမှုတို့ကြောင့် တိုင်းပြည် မငြိမ်မသက်ဖြစ်ခဲ့ရ၏။ တိုင်းရင်းသား စည်းလုံးရေးပျက်ပြားပြီး ဝါးအစည်းပြေသကဲ့သို့ အခြေအနေ ဆိုးရွားလာခဲ့ရ၏။ နိုင်ငံတော် ပြိုကွဲပျက်စီးရတော့မည့် အခြေအနေဆိုးနှင့် ရင်ဆိုင်လာရ၏။ ပုဂံပြည့်ရှင်စောလူးမင်း ကိုယ်တိုင်ပင်လျှင် ပုန်ကန်သူ ငရမန်ကန်း၏ သုံ့ပန်းဘဝသို့ ရောက်ရှိနေရ၏။ ထိုသို့သော အခြေအနေမျိုးတွင် မှူးမတ် ဗိုလ်ပါ အပေါင်းနှင့် ပြည်သူတို့က ၎င်းတို့အလွန်အားထားသည့် ကျန်စစ်သားကို ထီးနန်းယူပါရန် ဝိုင်းဝန်းအပ်နှံကြ၏။ သို့ရာတွင် ကျန်စစ်သားက "ငါ့အရှင် စောလူးမင်း အသက်ရှင်လျက်ရှိ၊ မရှိ စူးစမ်းဦးမည်၊ ငါ့အရှင်ရှိသော် ငါ့အရှင်ကိုယူ၍ နန်းတင်မည်" ဟု ပြောကြားခဲ့၏။ အပြောသက်သက်မဟုတ်ဘဲ သူသည် စောလူးမင်း အကျဉ်းကျနေသည့် ရန်သူ့စခန်းသို့ သက်စွန့်ကြိုးပမ်း ဝင်ရောက်ခဲ့၏။ စောလူးမင်းကိုထမ်းပိုးပြီး လွတ်ရာသို့ ပြေးထွက်၏။ သို့ရာတွင် အတွေးအခေါ် ညံ့ဖျင်းလှသည့် စောလူးမင်းက "ကျန်စစ်သားကို ငါ့ခမည်းတော် လက်ထက်ကလည်း မျက်ခဲ့ဖူး၏။ ငါ့လက်ထက်တွင်လည်း မျက်ခဲ့ဖူးသည်။ ယခုငါ့ကိုလာ၍ ခိုးယူခြင်းသည် သဘောရိုးဖြင့် မဟုတ်တန်ရာ၊ ငါ့ကို သတ်လို၍ခိုးသည်ထင်၏" ဟု အထင်မှားကာ "ငါ့ကို ကျန်စစ်သားခိုးနေပြီ"ဟူ၍ မဆင်မခြင်အော်ဟစ်လေ၏။ ထိုအခါ ကျန်စစ်သားလည်း "မင်းဆိုးမင်းညစ် သူ့လက်တွင်သေရစ်ပေတော့"ဟု ဆိုကာစောလူးကို ပစ်ချထားခဲ့ပြီး အသက်လု၍ ထွက်ပြေးခဲ့ရလေ၏။ သို့နှင့် အမေကျော်၍ ဒွေးတော်လွမ်းမိသူ စောလူးမင်းသည် ငရမန်ကန်း၏ ကွပ်မျက်ခြင်းကို ခံရလေ၏။ **သစ္စာတရားကြီးမားလှသော ကျန်စစ်သား။**

စောလူးမင်း မရှိတော့သည့်အခါ၌ ကျန်စစ်သားသည် ဘုရင့်တပ်မတော်ကို ပြန်လည်စုစည်း၏။ ငရမန်ကန်းအပါအဝင် တိုင်းပြည်ကို ဖရိုဖရဲ ဖြစ်အောင် လုပ်ဆောင်ကြသူ အဖျက်သမားမှန်သမျှတို့ကို အပြီးအပိုင် ချေမှုန်း၏။ နိုင်ငံနှင့်အဝန်း တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးအတွက် မင်းအာဏာစက်ဖြင့် ထက်ထက်မြက်မြက် ဆောင်ရွက်၏။ စောလူးမင်း လက်ထက်တွင် တိုင်းပြည် မငြိမ်မသက်ဖြစ်ပြီး ပြည်သူတို့ ဆင်းရဲဒုက္ခ ရောက်ခဲ့ရ၏။ ကျန်စစ်သား နန်းတက်သည့်အခါ တွေးမြင် ဆင်ခြင်မိသည်ကား-

များစွာသော ခပ်သိမ်းသော သူအပေါင်းတို့သည် သားတကွဲ မယားတကွဲ၊ မိတကွဲ ဖတကွဲ ဖြစ်ကြရကုန်၏။
ထိုသူတို့၏ ဆင်းရဲဒုက္ခကို ငါငြိမ်းပါအံ့။
ထိုသူတို့၏မျက်ရည်ကို ငါသုတ်ပါအံ့။
ငါ၏လက်ယာလက်ဖြင့် ဆန်စပါးရိက္ခာကို ပေးအံ့။
ငါ၏ လက်ဝဲလက်ဖြင့် ဝတ်စားတန်ဆာကိုပေးအံ့။
အမိသည် သားငယ်ကို ရင်ခွင်၌ နှစ်သိမ့်စေသကဲ့သို့ ငါသည်လည်း တိုင်းသူပြည်သားတို့ကို နှစ်သိမ့်စေအံ့-

ဟူ၍ဖြစ်၏။ အထက်ပါအတွေးအမြင်ကို သန္နိဋ္ဌာန်အဖြစ်ချမှတ်ကာ ရွှေစည်းခုံ စေတီတော်၌ မွန်ဘာသာဖြင့် ကမ္ပည်းကျောက်စာတိုင်စိုက်ထူခဲ့၏။ **ပြည်သူတို့ အပေါ်ဝယ် အကြင်နာတရားကြီးမားလှသော ကျန်စစ်သား။**

ကျန်စစ်သားမင်းလက်ထက်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း အထူးပင်အလေးထား ဆောင်ရွက်ခဲ့သည်။ ဘိသိက်ခံရာ၌ မွန်မင်းသမီး ခင်ဦးကိုပင် တောင်ညာထား၍ မွန်တို့၏ ဓလေ့ထုံးတမ်းနှင့်အညီ မင်္ဂလာပြုခဲ့၏။ ကမ္ပည်းကျောက်စာများ ရေးထိုးသည့်အခါ၌လည်း ပါဠိဘာသာ၊ မြန်မာဘာသာတို့နှင့်သာမက ပျူစာ၊ မွန်စာတို့နှင့်လည်း ရေးထိုးစေလေ့ရှိခဲ့၏။ **တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အလွန်လိုလားသော ကျန်စစ်သား။**

သမီးတော်ရွှေအိမ်သည်နှင့် တစ်ပြည်ခြား လူမျိုးခြား ပဋိက္ခရားတို့ အကြောင်းပါတော့မည့်အရေးတွင် **တွေးရတက်ဖြာ၊ သွေးတစ်စက်ဟာ မီးအလားပေမို့၊ ဆီးတားမလေ၊ တိုင်းပြည်အရေးရယ်နှင့်၊ သမိုင်းအရှည် တွေးကာ မျိုးမပျောက်စေဖို့၊ စိုးကြောက်စရာ ပုဂံခေတ်တစ်လွှားဆီမတော့၊ ကျန်စစ်သားမင်းမြတ်မဟာက၊ အတင်းဖြတ်ကာ အမှားခရီးမဆက်ရအောင်၊ သားသမီးအတွက်လမ်းပြဆောင် အောင်နိုင်တဲ့ပွဲ"** ဟူ၍ စာဆိုတို့ ကဗျာဖွဲ့ ဂုဏ်ပြုရလောက်အောင် ပြတ်ပြတ်သားသား ကဏ္ဍခြားပေးခဲ့၏။ သမီးတော် ရွှေအိမ်သည်ကို စောလူးမင်း၏သား စောယွမ်းနှင့် လက်ဆက်ပေးခဲ့၏။ **အမျိုးကို အလွန်စောင့်သောကျန်စစ်သား။**

ကျန်စစ်သား အရေးနိမ့်စဉ်က ရှင်မထီးဘုန်းတော်ကြီး၏ ကျောင်း၌ ခိုလှုံခဲ့ရဖူး၏။ ထိုစဉ်အခါက ရှင်မထီး၏တူမ သမ္ဘူလနှင့် မေတ္တာမျှခဲ့ပြီး သမ္ဘူလတွင် ပဋိသန္ဓေတည်ခဲ့၏။ အရေးကြုံ၍ ကျောင်းမှခွာရသောအခါ **ယောက်ျားဖွားလျှင် သားနှင့် လက်စွပ်ကိုယူ၍ လာလှည့်**ဟု သမ္ဘူလအား လက်စွပ်တော်ပေးအပ်ပြီး အမှာစကားထားရစ်ခဲ့၏။ ကျန်စစ်သား မင်းဖြစ်သည့်အခါ သမီးတော်ရွှေအိမ်သည်နှင့် စောယွမ်းတို့မှ မွေးဖွားသော မြေးတော်လေးအား အလွန်ပင်ချစ်ခင်မြတ်နိုး လှသဖြင့် **သီရိဇေယျသူရ**ဘွဲ့ အပ်နှင်း၏။ ရာဇပလ္လင်ပေါ်တွင်တင်၍ ရာဇာဘိသေကမင်္ဂလာပြု၏။ **ငါ့မြေးတော်၏ နန်းကို ငါစောင့်ပါသည်** ဟူ၍ မိန့်တော်မူ၏။ ဤသို့ ကတိစကားများ ပြောကြားပြီးခါမှ သမ္ဘူလနှင့်သားတော် ရာဇကုမ္မာတို့ နန်းတော်သို့ လိုက်လာကြကုန်၏။ မိမိ၏သားတော်အပေါ်၌ အလွန်ပင် ကရုဏာသက်မိသော်လည်း ကျန်စစ်သားမင်းသည် မြေးတော်အပေါ်၌ထားရှိသော ကတိမဖျက်ခဲ့ချေ။ မိမိ၏ အရိုက်အရာကို ဆက်ခံစေရန်အတွက် မြေးတော် သီရိဇေယျသူရကိုသာ လျာထားမြဲအတိုင်း လျာထားခဲ့ပြီး သားတော် ရာဇကုမ္မာကိုမူကား **ဓညဝတီ ခေတ္တရာ**ဘွဲ့ဖြင့် ဓညဝတီနှင့်တကွ တောင်စဉ်ခုနစ်ခရိုင်ကို အပိုင်စားစေခဲ့လေသည်။ **ကတိအလွန်တည်သော ကျန်စစ်သား။**

အနော်ရထာမင်းလက်ထက်က ဆောင်ရွက်အကောင်အထည်ဖော်ထားခဲ့သော ဆည်မြောင်းတာတမံနှင့် လမ်းတံတားတို့သည် ကျန်စစ်သားမင်းကြီး၏ ဆက်လက်စွမ်းဆောင်နိုင်မှုကြောင့် အရှိန်အဟုန်မပျက် တိုးတက်ခဲ့၏။ သို့နှင့် နိုင်ငံတော်၏ စိုက်ပျိုးရေးလုပ်ငန်း၊ ထန်းလျက်ချက်လုပ်ငန်း၊ မြေအိုးအမျိုးမျိုးနှင့် စဥ့်ထည်လုပ်ငန်း၊ ပန်းတမော့၊ ပန်းတော့၊ ပန်းပဲ၊ ပန်းရန်၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းချီ၊ ပန်းပွတ်နှင့် ပန်းပုလုပ်ငန်းများ တိုးတက်ထွန်းကားလာခဲ့ရ၏။ ပုဂံဈေးကြီး၌ ပြည်တွင်း၊ ပြည်ပမှ ကုန်သည်များ၊ ရောင်းသူ၊ ဝယ်သူများဖြင့် ကြက်ပျံမကျ စည်ကားခဲ့၏။ **နိုင်ငံတော်၏ စီးပွားရေးကို တိုးတက်ထွန်းကားစေခဲ့သော ကျန်စစ်သား။**

အနော်ရထာမင်းကြီး အပြီးမသတ်ခဲ့သော ရွှေစည်းခုံစေတီတော်ကို ဆက်၍ တည်ထားခဲ့ရုံသာမက လက်ရာစုံလှစွာသော အာနန္ဒာဘုရား အပါအဝင် စေတီပုထိုး မြောက်မြားစွာကို တည်တော်မူခဲ့၏။ ကျောင်း၊ ကန်၊ ဇရပ်နှင့် သိမ်တို့ကိုလည်း ဆောက်လုပ်လှူဒါန်းတော်မူခဲ့၏။ သာသနာ့ ဦးဆောင် ဖြစ်သည့် ရှင်အရဟံ မဟာထေရ်မှာလည်း သက်တော်ထင်ရှားရှိနေသေးသဖြင့် သာသနာရေးအတွက် အားကိုးအားထားပြုရ၏။ ထိုခေတ်၌ မြန်မာ့ ပုဂံရွှေပြည်တော်သည် အာရှအရှေ့တောင်ပိုင်းဒေသကြီးတစ်ခုလုံးတွင် ဗုဒ္ဓ သာသနာတော်၏ ဗဟိုအချက်အချာ ဖြစ်လာ၏။ ကျန်စစ်သားမင်းသည် မြတ်စွာဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာတွင်လည်း သာသနိကအဆောက်အအုံဟောင်းများကို ပြုပြင်မွမ်းမံပေးတော်မူခဲ့၏။ **သာသနာတော် ထွန်းကားပြန့်ပွားစေရန် စွမ်းဆောင်တော်မူခဲ့သော ကျန်စစ်သား။**

ပုဂံခေတ်မင်းကောင်းမင်းမြတ်တစ်ပါးဖြစ်သူ ကျန်စစ်သားသည် တိုင်းပြည်အရေးကြုံသည့်အခါတိုင်း ပြည်သူတို့ရှေ့မှ မားမားမတ်မတ် ရပ်တည်ကာကွယ်ခဲ့၏။ ကယ်တင်ခဲ့၏။ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့၏။ နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အားကြိုးမာန်တက် ဆောင်ရွက်ပေးခဲ့၏။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် အထူးအလေးထားဆောင်ရွက်ပေးခဲ့၏။ သမိုင်းအစဉ်အလာကြီးမားခဲ့သော ယနေ့ မြန်မာ့တပ်မတော်သည်လည်း နိုင်ငံနှင့်လူမျိုးအတွက် အရေးကြုံသည့်အခါတိုင်း ရှေ့မှ မားမားမတ်မတ် ရပ်တည် ကာကွယ်စောင့်ရှောက်ခဲ့၏။ ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထား၍ နိုင်ငံတော် အကျိုးအတွက် အားကြိုးမာန်တက် ဆောင်ရွက်ပေးလျက်ရှိပေရာ ကျေးဇူးတရားကြီးမားလှသော မြန်မာ့တပ်မတော်ကို (၅၉)နှစ်မြောက် တပ်မတော်နေ့ အကြိုကာလတွင် မင်းကောင်း မင်းမြတ် တစ်ပါးအဖြစ် ရဟန်းရှင်လူတို့ ချီးမွမ်းဂုဏ်ပြုခဲ့ကြသော ကျန်စစ်သားမင်းကြီး၏ဂုဏ်ဒြပ်နှင့် ထင်ဟပ်ကာ ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။ ။

နွားလည်ဘိုပုံတူစေတီ အနေကဇာတင်မည်

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်း တာမွေမြို့နယ် အရိယာမဂ္ဂင်ကျောင်းတိုက်ဝင်းအတွင်း တည်ထားလျက်ရှိသော သမိုင်းဝင် နွားလည်ဘို့ ပုံတူ စေတီတော်၏ တတိယအကြိမ် အနေကဇာတင်ခြင်း အခမ်းအနားကို ဧပြီ ၁၃ ရက် (သင်္ကြန်အကျနေ့) နံနက်တွင် ကျင်းပရန် စီစဉ်ထားသည်။

ရှေးဟောင်းသမိုင်းဝင် နွားလည်ဘို့ပုံတူစေတီတော်ကို မွန်ပြည်နယ် ပေါင်မြို့နယ် ကျွဲခြံတောင် မဟာသမယဂူ၊ အမဲစမ်းတောရဂူ၊ နှစ်ပါးဂူတို့၏ နာယကဆရာတော်ကြီး ဘဒ္ဒန္တ နန္ဒိယအားအမှူးထား၍ အများပြည်သူ စေတနာရှင်များက စုပေါင်းတည်ထားခဲ့ခြင်းဖြစ်သည်။ (က-ပ)

ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး စင်္ကြံသစ်ဖွင့်ပွဲနှင့် အလှူရှင်များ ဂုဏ်ပြုပွဲကို မတ် ၂၀ ရက်ကကျင်းပရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၂၃)

နှစ်သစ်ဦးငွေပဒေသာပင် လှူဒါန်းပွဲကျင်းပမည်

ရန်ကုန် မတ် ၂၁

ကျူမငေးမြို့ စက်ရုံ ဓမ္မရိပ်သာ ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုမန ထူထောင်သော ပဋိပတ္တိသာသနာတော်မြတ်အား ပူဇော်သည့်အနေဖြင့် နှစ်သစ်ဦး ငွေပဒေသာပင် လှူဒါန်းပွဲကို ၁၃၆၆ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ငွေပဒေသာပင်တစ်ပင်လျှင် ကျပ်ငါးထောင်၊ ကျပ်တစ်သောင်း၊ ကျပ်သုံးသောင်း၊ ကျပ်ငါးသောင်း၊ ကျပ်တစ်သိန်း၊ ကျပ်တစ်သိန်းနှင့် အထက် စသည်တို့ကို မိမိတို့ဆန္ဒရှိရာ ပဒေသာပင်ကို ယောဂီ စောင့်ရှောက်ရေးအဖွဲ့ထံ စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၃-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- **၇း၀၀** ၁။ မြဝတီအဖွင့်
- **၇း၀၅** ၂။ အဖွင့်သီချင်း
- **၇း၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇း၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇း၃၀** ၅။ မြန်မာသံစဉ်ချိုနှာဝင်
- **၇း၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇း၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈း၀၀** ၈။ မြဝတီ ရုပ်မြင်သံကြားသတင်း
- **၈း၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈း၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈း၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄း၀၀** ၁။ မြဝတီအဖွင့်
- **၄း၀၅** ၂။ အဖွင့်သီချင်း
- **၄း၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄း၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄း၂၀** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄း၃၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
- **၄း၄၀** ၇။ မျိုးချစ်တပ်မတော်
- **၄း၅၀** ၈။ ကြည်နူးရွှင်ပျော်တေး သရုပ်ဖော်
- **၅း၀၀** ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Probability Distributions (စီးပွားရေး၊ စီးပွားစီမံ)
- **၅း၃၀** ၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- **၅း၄၅** ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- **၆း၀၀** ၁၂။ မြဝတီ ရုပ်မြင်သံကြားသတင်း
- **၆း၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆း၂၀** ၁၄။ မိုးလေဝသသတင်း
- **၆း၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆း၃၅** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၆း၄၅** ၁၇။ မြန်မာ့လက်သီး
- **၇း၀၀** ၁၈။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ငြိမ်းချမ်းရေးနှင်းဆီ" (အပိုင်း-၂) (ဇာတ်သိမ်းပိုင်း) ဒါရိုက်တာ- ပေါက် (ပန်းသာ) သရုပ်ဆောင်- မင်းမော်ကွန်း၊နေထက်လင်း၊ ဘုန်းနိုင်၊ ပန်းဖြူ၊ ထွန်းအိန္ဒြာဗို၊ ခင်မီမီဇော်**
- **၈း၀၀** ၁၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၂။ တိုင်းကျိုးပြည်ပြု တည်ဆောက်မှု
- ၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "သစ္စာမဏ္ဍိုင်" (အပိုင်း-၂၅)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

★ ရှေ့ဖုံးမှ

တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်မှူးချုပ် ခင်မောင်ထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ နံနက် ၆နာရီခွဲတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပမည့် တော်လှန်ရေးပန်းခြံသို့ ရောက်ရှိလာသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် အဖွဲ့ဝင်များနှင့်အတူ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ ချီတက်ရောက်ရှိလာကြသော စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်း ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ နဝဒေးစစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်း၊ မြဝတီစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းတို့၏ (တပ်ပါ) စစ်ရေးပြ လေ့ကျင့်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ နံနက် ၈နာရီတွင် တော်လှန်ရေးပန်းခြံမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်ချုပ်စိန်ထွား ဆေးသင်တန်းဆင်းပွဲတက်ရောက် မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့ရှိ လုပ်ငန်းများကြည့်ရှုစစ်ဆေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား မတ် ၁၉ရက်တွင် ပြင်ဦးလွင်မြို့ ဗဟိုမီးသတ်သင်တန်းကျောင်း အနော်ရထာခန်းမ၌ အခြေခံ ဆေးတပ်စုသင်တန်း အမှတ်စဉ်(၁/၂၀၀၄) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားစဉ်။

(မီးသတ်ဦးစီး)

ရန်ကုန် မတ် ၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် မတ် ၁၉ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ဗဟိုမီးသတ်သင်တန်းကျောင်း အနော်ရထာခန်းမ၌ကျင်းပသော အခြေခံ ဆေးတပ်စု သင်တန်းအမှတ်စဉ် (၁/၂၀၀၄) သင်တန်းဆင်းပွဲအခမ်းအနားသို့တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး ထူးချွန်ဆုရ သင်တန်းသားများအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆေးတပ်စု သင်တန်းမှ နည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးမြို့ ကလေးပြုစုရေးဌာနသို့ သွားရောက်၍ ကလေးများအတွက် စားစရာမုန့်များ ပေးအပ်ပြီး အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်းသို့ ဆက်လက်သွားရောက်ရာ ကျောင်းအုပ်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက အမျိုးသမီးကလေးများအတွက် အဝတ်အထည်များပေးအပ်၍ ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် မတ် ၂၀ရက် နံနက်ပိုင်းတွင် ဗဟိုမီးသတ်သင်တန်းကျောင်းအတွင်း ဖွင့်လှစ်ထားရှိသော သက်သာဆိုင်၊ ကြက်မွေးမြူရေးနှင့် ဝက်မွေးမြူရေးခြံတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအတွင်း ကားလမ်းများအား ကတ္တရာလမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောင်းအတွင်း သဘာဝ ရေထွက်ပေါက်နေရာများသို့ သွားရောက်ကြည့်ရှုပြီး ရေထွက်ပေါက်များမှ ရေများကို စိုက်ပျိုးရန် ရေလုံလောက်စွာရရှိရေးအတွက် အဆင့်ဆင့် ရေသွယ်တန်းရယူမှုစနစ်နှင့် ရေဂါလန် ၂၀၀၀၀ဆံ့ ကန်တည်ဆောက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနပိုင် စိုက်ခင်းအတွင်း နှစ်တိုနှစ်ရှည် ရာသီပင်များ စိုက်ပျိုးထားရှိမှု အခြေအနေ၊ ရေရရှိမှုအခြေနေနှင့် အောင်မြင်နေသော ဂျုံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ ခရီးသည်များ အဝင်အထွက် စိစစ်ဆောင်ရွက်မှုကို စစ်ဆေးသည်။ (သတင်းစဉ်)

မဇ္ဈိမဂုဏ်ရည် ဆရာတော်ဓမ္မသဘင်

ရန်ကုန် မတ် ၂၁

ရန်ကုန်မြို့ သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ အနီးရှိ မဇ္ဈိမဂုဏ်ရည် မဟာစည် သာသနာ့ရိပ်သာကြီး၏ပဓာနနာယက၊ သာသနတက္ကသိုလဓမ္မာစရိယ ဒေါက်တာ ကောဝိဒ အရှင်သူမြတ်သည် မတ် ၂၂ ရက် ည ၈ နာရီတွင် သာကေတမြို့နယ် (၁)ရပ်ကွက် ရတနာသီရိ ဓမ္မာရုံဓမ္မသဘင်၌လည်းကောင်း၊ မတ် ၂၄ရက် ည ၇နာရီတွင် ပဲခူးမြို့ ဈေးကြီးဆန်လှူအသင်း ဓမ္မသဘင်၌ လည်းကောင်း၊ မတ် ၂၅ ရက်၊ ၂၆ ရက် ည ၈နာရီတွင် သာကေတမြို့နယ် (၇)ရပ်ကွက် နှစ်ကျိပ်ရှစ်ဆူ ဗဟိုဓမ္မာရုံ၌လည်းကောင်း၊ မတ် ၂၇ရက် ည ၇နာရီတွင် သန်လျင်မြို့ အောင်ချမ်းသာရပ်ကွက် ဒေါ်မာဂရက်မိသားစုနေအိမ် ဓမ္မသဘင်၌လည်းကောင်း၊ မတ် ၂၈ရက် ည ၇နာရီတွင် တောင်ဒဂုံမြို့နယ် (၅၄)ရပ်ကွက် ခင်မကန်ကျောင်းတိုက် ကလေးအထူးတရားပွဲ ဓမ္မသဘင်၌ လည်းကောင်း၊ မတ် ၂၉ရက် ည ၈နာရီတွင် သာကေတမြို့နယ် (၆)ရပ်ကွက် သီလဝိသုဒ္ဓိဓမ္မာရုံ ဓမ္မသဘင်၌လည်းကောင်း၊ မတ် ၃၀ ရက် ည ၇ နာရီတွင် လက်ပံတန်းမြို့ မြို့နယ်ရှင်ပြုအသင်း ဓမ္မသဘင်၌ လည်းကောင်း၊ မတ် ၃၁ရက် ည၈နာရီတွင် သာကေတမြို့နယ် (၆)ရပ်ကွက် ရွှေပြည်သာလမ်း ဓမ္မသဘင်၌ လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာပြီးစီး ကျောက်စိမ်း၊ကျောက်မျက်၊ ပုလဲယူရိုငွေ ၁၈ဒသမ၅သန်းကျော်ဖိုးရောင်းရ

ရန်ကုန် မတ် ၂၁

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသော (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ရောက်ရှိလာရာ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသည့် ပုလဲအတွဲများ တင်ဒါစနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ပြန်လည်ထွက်ခွာသွားသည်။

အပြိုင်အဆိုင်ဝယ်ယူ

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ဆဋ္ဌမနေ့အဖြစ် ယနေ့နံနက် ၉နာရီမှစ၍ ပုလဲအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချရာ မွန်းလွဲ ၁နာရီခွဲအထိ ပုလဲအတွဲပေါင်း ၄၅တွဲကို တန်ဖိုးယူရိုငွေ ၂၃၂၁၂၇ ဖြင့် ပြည်တွင်း၊ပြည်ပ ရတနာကုန်သည်များက အပြိုင်အဆိုင် ဝယ်ယူသွားကြသည်။

၂၀၀၄ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို ၂၀၀၄ခုနှစ် မတ် ၁၆ရက်မှ ၂၁ရက်အထိ တင်ဒါစနစ်၊ဈေးပြိုင်စနစ်ဖြင့် ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ရောင်းချခဲ့ရာ ယနေ့ မွန်းလွဲ ၁နာရီခွဲတွင် အောင်မြင်စွာ ပြီးစီးသွားသည်။

ရှေးဦးစွာ မတ် ၁၆ရက်မှ ၁၈ရက်အထိ ကျောက်စိမ်းအတွဲပေါင်း ၅၀၃တွဲကို တန်ဖိုး ယူရိုငွေ ၁၀၄၇၃၄၃၄ ဖြင့်လည်းကောင်း၊ မတ် ၁၉ရက်မှ ၂၀ရက်အထိ ကျောက်မျက်အတွဲ ၅၀ကို တန်ဖိုး ယူရိုငွေ ၇၇၆၉၈၅၈ဖြင့်လည်းကောင်း၊ မတ် ၂၁ရက်တွင် ပုလဲအတွဲ ၄၅တွဲကို တန်ဖိုးယူရိုငွေ ၂၃၂၁၂၇ဖြင့်လည်းကောင်း ပြည်တွင်း၊ ပြည်ပကုန်သည်များက အပြိုင်အဆိုင်ဝယ်ယူကြရာ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲစုစုပေါင်း ၅၉၈တွဲကို တန်ဖိုးယူရိုငွေ ၁၈၄၇၅၄၁၉ ဖြင့် ရောင်းချနိုင်ခဲ့သည်။

ထို့အပြင် ပုံသေဈေးနှုန်းဖြင့် ရောင်းချရသော ကျောက်စိမ်း၊ ကျောက်မျက်၊ ရုပ်တုရုပ်ထွင်းများနှင့် လက်ဝတ်ရတနာများ တန်ဖိုးယူရိုငွေ ၂၅၂၉၅ အပါအဝင် ရောင်းချရသော ငွေပေါင်းမှာ တန်ဖိုးယူရိုငွေ ၁၈၅၀၀၇၁၄ဖြစ်သည်။

၁၁၀၆ ဦးတက်ရောက်ခဲ့

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံပေါင်း ၁၀နိုင်ငံ၊ ကုမ္ပဏီပေါင်း ၂၅၃ခုတို့မှ ရတနာကုန်သည် ၆၃၇ဦး၊ ပြည်တွင်းကုမ္ပဏီ ၁၈၄ခုမှ နိုင်ငံသားရတနာကုန်သည် ၄၆၉ဦး စုစုပေါင်း ရတနာကုန်သည် ၁၁၀၆ ဦး တက်ရောက်ခဲ့ကြပြီး အပြိုင်အဆိုင်ဝယ်ယူခဲ့ကြသည်။ (သတင်းစဉ်)

ခရစ်ကက်အားကစားပြိုင်ပွဲ ရုပ်ရှင်အသင်းအနိုင်ရ

ရန်ကုန် မတ် ၂၁

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဖြစ်မြောက်ရေးကော်မတီနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့က ပူးပေါင်းကျင်းပသော ရုပ်ရှင်သရုပ်ဆောင်များ ခရစ်ကက်အသင်းနှင့် ခရစ်ကက်လက်ရွေးစင်ဟောင်းများအသင်းတို့၏ ခရစ်ကက်အားကစားပြိုင်ပွဲကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ သုဝဏ္ဏ လေ့ကျင့်ရေးကွင်း အမှတ်(၄)၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ရုပ်ရှင်သရုပ်ဆောင်များ ခရစ်ကက်အသင်းနှင့် ခရစ်ကက်လက်ရွေးစင်ဟောင်းများ ခရစ်ကက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရုပ်ရှင်သရုပ်ဆောင်များအသင်းက အနိုင်ရရှိသွားသည်။

ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ခရစ်ကက်အားကစားသမားဆုကို ရုပ်ရှင်သရုပ်ဆောင်အသင်းမှ ညီဂျော်က ရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ အကယ်ဒမီဦးညွန့်ဝင်းက ဆုများချီးမြှင့်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂-၃-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋက ဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

၈:၀၀ ၆။ အကပြိုင်ပွဲ

၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၈:၂၀ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ Let's Go.

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁၁။ စစ်ချီတေး၊ စစ်သည်တေး **(၅၂)နှစ်မြောက် တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေမိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်**

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ Practice in Reading.

၄:၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၄ခုနှစ်)

၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)

၅:၁၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး

၅:၃၀ ၇။ အကပဒေသာ

၅:၄၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ

၅:၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)

၅:၅၅ ၁၀။ ကျင်းသာရေလှောင်တမံ

၆:၀၅ ၁၁။ တေးဂီတအစီအစဉ်

၆:၁၅ ၁၂။ Discovery.

၆:၃၀ ၁၃။ ညနေခင်းသတင်း

၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၅။ စက်မှုစွမ်းအား ခေတ်ကျော်လွှား

၇:၁၅ ၁၆။ တေးဂီတအစီအစဉ်

၇:၃၀ ၁၇။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

၇:၄၀ ၁၈။ **(၅၂)နှစ်မြောက် တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေမိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက် "ပြည်သူ့အတွက်တပ်မတော်"**
– ပြည့်အကျိုးလုပ်ငန်း သယ်ပိုးရန်မှာ တို့ဝန်တာ (ဆက်သွယ်ရေး/နတလ)
– ပြည်ထောင်စု ဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်ထက်
– တောင်တန်းပြာနဲ့ ကျောပိုးအိတ် (တင်တင်မြ)

၈:၀၀ ၁၉။ ပြည်တွင်းသတင်း

၂၀။ နိုင်ငံတကာသတင်းများ

၂၁။ မိုးလေဝသအခြေအနေ

၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ အချစ်ဆိုသည်မှာ (အပိုင်း-၁၃)**

၂၃။ နောက်တစ်နေ့အစီအစဉ်

၂၄။ အစီအစဉ်ပြီး၏။

အီရတ်တွင် ဒဏ်ရာရရှိသူ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ အလွန်များပြား

အမေရိကန်စစ်ဆေးရုံများတွင် ပစ္စည်းကိရိယာနှင့် လူအင်အားမလုံမလောက်ဖြစ်နေ

ဘဂ္ဂဒက်　　မတ်　　၁၉

အီရတ်နိုင်ငံကို အမေရိကန်တို့ စတင်ကျူးကျော် တိုက်ခိုက်ခဲ့သည့်အချိန်မှစပြီး ယခုအချိန်အထိ တစ်နှစ်အတွင်း၌ သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၆၀၀ ခန့် ရှိသွားပြီဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူ အမေရိကန်တပ်ဖွဲ့ဝင်များမှာလည်း အလွန်များပြားလှကြောင်း သိရှိရသည်။

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ လုပ်ငန်းခွင်မှာပင် ညအချိန်သေနတ်နှင့် တိတ်တဆိတ် ချောင်းမြောင်းပစ်ခတ်ခံရသည်များလည်းရှိကြောင်း၊ တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာတို့သည် ဒဏ်ရာအမျိုးမျိုး ရရှိကြရုံသာမက ရောဂါဘယများကိုပါ ခံစားနေကြရကြောင်း သိရှိရသည်။

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားကတည်းက ထိခိုက်ဒဏ်ရာရရှိ၍ အမေရိကန်တပ်ဖွဲ့ဝင် ၁၄၀၀ ကျော်သည် ဘဂ္ဂဒက်မြို့ ဆေးရုံများတွင် မဆံ့၍ ကူဝိတ်နိုင်ငံနှင့် ဂျာမနီနိုင်ငံရှိ ဆေးရုံများသို့ ပို့ဆောင်ပြီး ဆေးဝါးကုသမှု ခံယူနေရကြောင်း၊ တပ်ဖွဲ့ဝင် ၁၀၀၀ ကျော်မှာ စစ်ပွဲအတွင်း သေနတ်ထိမှန်ခဲ့သည့်အပြင် ပေါက်ကွဲမှုများကြောင့်လည်း ဒဏ်ရာရရှိသူများရှိကြောင်း၊ ထို့အပြင် ဖျားနာပြီး ဆေးကုသမှုခံယူနေရသည့် တပ်ဖွဲ့ဝင်ဦးရေမှာ ၉၀၀၀ ကျော်ရှိကြောင်း သိရှိရသည်။

ဒဏ်ရာရရှိသည့် အမေရိကန်တပ်ဖွဲ့ဝင်များအနက် အများစုကို အမေရိကန်စစ်ဘက်ဆိုင်ရာဆေးရုံများသို့ ပြန်လည်ပို့ဆောင်ခဲ့ရပြီး ၎င်းတို့ထဲမှ ၆၀ ရာခိုင်နှုန်းမှာ ဝေါလ်တာရိဒ် စစ်ဆေးရုံတွင် ဆေးဝါးကုသမှု ခံယူနေရကြောင်း သိရှိရသည်။ ၎င်းတို့အနက် လူနာ ၂၈၀၀ ကျော်သည် အီရတ်စစ်ပွဲတွင် ပါဝင်တိုက်ခိုက်သူများဖြစ်ပြီး ပြင်းထန်စွာ ဒဏ်ရာရရှိထားသူများလည်း ပါဝင်ကြောင်း သိရှိရသည်။

ဒဏ်ရာရ

အခြားဒဏ်ရာရရှိသူ အများအပြားမှာလည်း စစ်ပွဲကြောင့်မဟုတ်ဘဲ မော်တော်ယာဉ်မတော်တဆ ထိခိုက်မှု၊ အမြင့်မှလိမ့်ကျမှု၊ ချောင်းမြောင်းပစ်ခတ်ခံရမှုများကြောင့် ဒဏ်ရာရရှိထားသူများဖြစ်ကြောင်း သိရှိရသည်။

၎င်းတို့ကို အမေရိကန်တွင် ပြန်လည်ဆေးကုသပေးလျက်ရှိရာ စစ်ဘက်ဆေးကုသရေးဌာနများနှင့် ဆေးရုံများတွင် ဆေးကုသရေး ပစ္စည်းများနှင့် လူအင်အားပါ လုံလောက်မှုမရှိဘဲ ဖြစ်နေကြောင်း၊ အချို့ဒဏ်ရာရရှိသူ အမေရိကန်တပ်ဖွဲ့ဝင်များသည် စိတ်ဓာတ်ရေးရာအရပါ ကုသပေးရန် လိုအပ်လျက်ရှိကြောင်း၊ အရေပြားဆိုင်ရာ ရောဂါများကဲ့သို့ ကုသရန် ခက်ခဲသည့် ရောဂါခံစားနေရသူများလည်း ရှိနေသည်။ ***စီအင်န်အင်န်။***



ဆန္ဒပြပွဲ ကျင်းပ

မတ် ၁၉ရက်က အမေရိကန်ပြည်ထောင်စု မီချီဂန်မြို့တွင် အီရတ်စစ်ပွဲ ဆန့်ကျင်ရေးဆန္ဒပြပွဲ ကျင်းပနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်မြေပြင်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၅၆၈ ဦး ရှိပြီ

ဘဂ္ဂဒက်　မတ်　၁၈

အီရတ်နိုင်ငံတွင် စစ်ပွဲဖြစ်ပွားချိန်ကတည်းက ၂၀၀၄ ခုနှစ် မတ် ၁၈ ရက်အထိ သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ၅၆၈ ဦး သေဆုံးခဲ့ကြောင်း၊ ယင်းအနက် ၃၈၅ ဦးမှာ တိုက်ပွဲများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ပြီး ၁၈၃ ဦးမှာ အခြားအကြောင်းများကြောင့် ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

သေဆုံး

ထိုအတောအတွင်း ဗြိတိန်က ၅၈ ဦး၊ အီတလီက ၁၇ ဦးနှင့် စပိန်မှ ရှစ်ဦး၊ ဘူဂေးရီးယားက ငါးဦး၊ ယူကရိန်းနှင့် အခြားတပ်ဖွဲ့ဝင် နှစ်ဦး၊ ဒိန်းမတ်၊ အက်စတိုးနီးယားနှင့် ပိုလန်တစ်ဦးစီတို့မှ အသီးသီး သေဆုံးခဲ့သည်။ အီရတ်နိုင်ငံတွင် အဓိက စစ်ဆင်တိုက်ခိုက်မှုများ ပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျော့ဂျ်ဘုရ်ှ ကြေညာခဲ့သည့် မေ ၁ ရက်နောက်ပိုင်း အမေရိကန်တပ်ဖွဲ့ဝင် ၄၃၀ ဦးသေဆုံးခဲ့ရာ ယင်းအနက် ၂၇၀ ဦးမှာ တိုက်ပွဲများကြောင့် သေဆုံးခဲ့ခြင်းဖြစ်ပြီး ၁၆၀ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။

အီရတ်နိုင်ငံတွင် စစ်ဖြစ်ပွားချိန်ကတည်းက အမေရိကန်တပ်ဖွဲ့ဝင် ၂၈၄၂ ဦးမှာ တိုက်ပွဲများကြောင့် ဒဏ်ရာရခဲ့ပြီး အခြားအကြောင်းများကြောင့် ဒဏ်ရာရသူ အမေရိကန် တပ်ဖွဲ့ဝင်ဦးရေမှာ ၄၃၁ ဦး ဖြစ်သည်။ ***အင်တာနက်။***



အမေရိကန်သည် အခြားနိုင်ငံများ၏ အကျိုးစီးပွားကိုမငဲ့ကွက်ဟု ပြည်သူအများစုယုံကြည်

အီရတ်စစ်ပွဲသည် အီရတ်တို့အား ကူညီရာမရောက်ဘဲ အထိနာစေသည်ဟု ရှုမြင်သုံးသပ်

ဘဂ္ဂဒက်　　မတ်　　၁၉

သောကြာနေ့သည် အမေရိကန်တို့ အီရတ်ကို ကျူးကျော်ခဲ့သည်မှာ တစ်နှစ်ပြည့်မြောက်သွားပြီဖြစ်သည်။ ယခုကဲ့သို့ တစ်နှစ်ပြည့်ချိန်တွင် အီရတ်စစ်ပွဲကို တိုက်ခိုက်ခဲ့သည့် အမေရိကန်၏ ရည်ရွယ်ချက်နှင့်လုပ်ရပ်အပေါ် ကမ္ဘာတစ်ဝန်းတွင် အမျိုးမျိုးရှုမြင် သုံးသပ်လျက်ရှိသည်။ အီရတ်စစ်ပွဲ ပြီးဆုံးခဲ့သည်မှာ တစ်နှစ်ရှိသွားပြီဖြစ်သော်လည်း အမေရိကန်တို့၏အနေအထားသည် တိုးတက်မှုမရှိကြောင်း ကမ္ဘာ့နိုင်ငံ အတော်များများက သုံးသပ်ကြသည်။ အမေရိကန်၏ လုပ်ရပ်အပေါ် ထောက်ခံမှုရာခိုင်နှုန်းသည် ဗြိတိန်နိုင်ငံတွင် လွန်ခဲ့သည့် ၂၀၀၃ ခုနှစ် မေလတွင် ၇၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခု ၂၀၀၄ ခုနှစ် မတ်လတွင် ၅၈ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်။ ပြင်သစ်နိုင်ငံတွင်လည်း ၄၃ ရာခိုင်နှုန်းမှ ၃၇ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပြီး ဂျာမနီနိုင်ငံတွင်မှု ၄၅ ရာခိုင်နှုန်းမှ ၃၈ ရာခိုင်နှုန်းအထိ ကျဆင်းသွားသည်။ ယခုကဲ့သို့ ထောက်ခံမှုကျဆင်းရခြင်းသည် အမေရိကန်၏လုပ်ရပ်အပေါ် ယုံကြည်မှုလျော့နည်းလာသောကြောင့် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင်လည်း ယုံကြည်မှုကျဆင်းလာသကဲ့သို့ ဂျာမနီနိုင်ငံတွင်လည်း အမေရိကန်တို့အပေါ်၌ မယုံကြည်မှုသည် ၈၂ ရာခိုင်နှုန်းအထိ ရှိလာသည်။

ပြင်သစ်နိုင်ငံတွင် မယုံကြည်သူ ၇၈ရာခိုင်နှုန်းအထိ ရှိလာသကဲ့သို့ ဗြိတိန်နိုင်ငံတွင် ၅၈ ရာခိုင်နှုန်းအထိ ရှိလာသည်။ ထို့အပြင် စပိန်နိုင်ငံ မဒရစ်မြို့၌ ဘူတာရုံ ဗုံးခွဲမှုအပြီးတွင် ဥရောပတိုက်သားများသည် နောက်တစ်ကြိမ် မည်သူ့အလှည့် ဖြစ်လာမည်နည်းဟု စိုးရိမ်နေကြပြီး အမေရိကန်၏လောင်းရိပ်အောက်က လွတ်မြောက်လိုလာကြသည်။ ယင်းအပြင် အမေရိကန်သည် အခြားနိုင်ငံများ၏ အကျိုး စီးပွားကို မငဲ့ကွက်ဘဲ လုပ်ဆောင်သည်ဟု ဂျော်ဒန်၊ တူရကီ၊ ရုရှား၊ ပြင်သစ်နှင့် ဂျာမနီအများစုက ယုံကြည်လာကြသည်။ ယခုကဲ့သို့ လျစ်လျူရှုမှုကြောင့် အမေရိကန်ပြည်ထောင်စုက ကမ္ဘာတွင် အထီးကျန်သည့်နိုင်ငံအဖြစ်သို့ ရောက်ရှိသွားနိုင်ကြောင်း လေ့လာသူများက သုံးသပ်လျက်ရှိသည်။ ယင်းအပြင် အီရတ်စစ်ပွဲသည် အီရတ်တို့အား ကူညီရာမရောက်ဘဲ အထိနာစေသည်ဟုလည်း ရှုမြင်သုံးသပ်ကြသည်။ ***စီအင်န်အင်န်။***

စစ်ဆေး

မတ် ၁၈ ရက်က အီရတ်နိုင်ငံ ဘာဆရာမြို့ရှိ မီယာဘက်ဟိုတယ် အပြင်ဘက်တွင် ဗုံးပေါက်ကွဲပြီးနောက် စစ်ဆေးနေသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာမြို့တွင် တိုက်ပွဲများဖြစ်ပွား အရပ်သားနှစ်ဦး သေဆုံး

ဖော်လူဂျာ　မတ်　၁၉

အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ကြာသပတေးနေ့က မော်တာများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်ရှစ်ဦး ဒဏ်ရာရကြောင်းနှင့် ကလေးငယ်တစ်ဦး အပါအဝင် အီရတ်အရပ်သားနှစ်ဦး သေဆုံးကြောင်း၊ သေဆုံးရခြင်းမှာ အမေရိကန်တပ်ဖွဲ့ဝင်များက ပြန်လှန်တိုက်ခိုက်စဉ် သေဆုံးခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ အခင်းဖြစ်ပွားရာ ပတ်ဝန်းကျင်ရှိ အဆောက်အအုံ အမိုးများအပေါ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ စခန်းချထားခဲ့ကြောင်း အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ၏ စစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်မတ်ကင်မခ်က ပြောကြားသည်။ တိုက်ခိုက်သူများက မော်တာဖြင့် အကြိမ်များစွာ ပစ်ခတ်ခဲ့ကြောင်းနှင့် မော်တာကျည်တစ်ခုသည် အဆောက်အအုံတစ်ခု၏ အမိုးကို ထိမှန်ခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် မရိန်းတပ်သားတစ်ဦး ဒဏ်ရာရခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့များ၏ ကျူးကျော်သိမ်းပိုက်မှုအောက်မှ အီရတ်မြင်ကွင်း

ခုခံတိုက်ခိုက်မှုများကြောင့် အမေရိကန်နှင့် အပေါင်းပါများသေဆုံးရမှု

အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များက အီရတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်ခဲ့ပြီးနောက် ခုခံတိုက်ခိုက်ရေးသမား အီရတ်ပြောက်ကျားများ၏ တုံ့ပြန်တိုက်ခိုက်မှုများကြောင့် ကျူးကျော်တပ်ဖွဲ့များမှာ တစ်နေ့တခြား အသေအပျောက် များပြားလျက်ရှိသည်။

လအလိုက် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ၏ သေဆုံးရမှုစာရင်း

စဉ်	လ	အမေရိကန်	ဗြိတိန်	အခြား	စုစုပေါင်း
၁	၂၀၀၃ မတ်	၆၅	၂၇	၀	၉၂
၂	၂၀၀၃ ဧပြီ	၇၃	၆	၀	၇၉
၃	၂၀၀၃ မေ	၃၇	၄	၀	၄၁
၄	၂၀၀၃ ဇွန်	၃၀	၆	၀	၃၆
၅	၂၀၀၃ ဇူလိုင်	၄၇	၁	၀	၄၈
၆	၂၀၀၃ ဩဂုတ်	၃၅	၆	၂	၄၃
၇	၂၀၀၃ စက်တင်ဘာ	၃၁	၁	၁	၃၃
၈	၂၀၀၃ အောက်တိုဘာ	၄၂	၁	၂	၄၅
၉	၂၀၀၃ နိုဝင်ဘာ	၈၂	၂	၂၇	၁၁၁
၁၀	၂၀၀၃ ဒီဇင်ဘာ	၄၀	၀	၈	၄၈
၁၁	၂၀၀၃ ဇန်နဝါရီ	၄၇	၅	၀	၅၂
၁၂	၂၀၀၄ ဖေဖော်ဝါရီ	၂၀	၁	၂	၂၃
၁၃	၂၀၀၄ မတ် ၂၀	၁၉	၀	၀	၁၉
စုစုပေါင်း		၅၆၈	၆၀	၄၂	၆၇၀

ဖေဖော်ဝါရီ ၂၆ ရက်က အီရတ်နိုင်ငံ ဘာကူဘာမြို့ စားသောက် ဆိုင်တစ်ဆိုင်ရှေ့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် မီးလောင် ပျက်စီးနေသည့် ကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ် ၂ ရက်က ဘဂ္ဂဒက်မြို့၌ အမေရိကန်စစ်ယာဉ်တစ်စီး ဗုံးခွဲတိုက်ခိုက်မှုခံရပြီး တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရသည့်နေရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၁၅ ရက်က ဘဂ္ဂဒက်မြို့တွင် ခုခံတိုက်ခိုက်ရေးသမားတို့၏ တိုက်ခိုက်မှုကြောင့် မီးလောင်ကျွမ်းနေသည့် အမေရိကန်စစ်ယာဉ်တစ်စီးကို မီးငြိမ်းသတ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၁၇ ရက်က မြို့တော်ဘဂ္ဂဒက် အဝေးပြေး လမ်းမ၌ ဗုံးတစ်လုံး ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ယင်းလမ်းကို အမေရိကန် တပ်ဖွဲ့ဝင်များက ပိတ်ဆို့ထားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ် ၂ရက်နံနက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် လက်ပစ်ဗုံးဖြင့်ပစ်ပေါက် တိုက်ခိုက်ခံရသဖြင့် ပေါက်ကွဲ မီးလောင်ကျွမ်းနေသော စစ်ယာဉ်တစ်စီးကို အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက မီးငြိမ်းသတ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးဆောင်ရွက်နေသည့် တပ်မတော်

အောင်လံ–ဆတ်သွား ရထားလမ်းဖောက်လုပ်ရေး လုပ်ငန်းခွင်တွင် အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများ ဤသို့ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

တပ်မတော်နှင့်ပြည်သူ ပူးပေါင်းဖောက်လုပ်ခဲ့သည့်လမ်းများ

စဉ်	ပြည်နယ်/တိုင်း	မော်တော်ကားလမ်း
၁။	ရန်ကုန်တိုင်း	တိုက်ကြီး–ဖူးကြီး–ဖောင်ကြီးလမ်း ရန်ကုန်–ပဲခူး ခြောက်လမ်းသွားလမ်း
၂။	ရှမ်းပြည်နယ်	တာကော်–မိုင်းပျင်း–ကျိုင်းတုံလမ်း ကျိုင်းတုံ–တာချီလိတ်လမ်း ရပ်စောက်–ကျောက်ဂူ–နောင်ချို လားရှိုး–မူဆယ် ခိုလမ်–ကျိုင်းတောင်းလမ်း မိုးနဲ–ကျိုင်းတောင်းလမ်း မိုင်းပန်–ကျိုင်းတောင်းလမ်း
၃။	ဧရာဝတီတိုင်း	ပုသိမ်–သလပ်ချွာ–မော်တင်စွန်း ပုသိမ်–သလပ်ချွာ–ငွေဆောင်လမ်း တာကွေ့–ကဇုန်း မအူပင်–ဆားမလောက်
၄။	ကချင်ပြည်နယ်	မြစ်ကြီးနား–ဆွမ်ပရာဘွမ်–ပူတာအို တနိုင်း–နန်းယွန်း
၅။	ကယားပြည်နယ်	ဖားဆောင်း–ခဲမဖြူ–ထီးထ–စောထ
၆။	ကရင်ပြည်နယ်	ကော့ကျိုက်–ကော့ပရံ–ဇာသပြင် ဘောကလိကြီး–မော်ချီး ဝါးဘိုးတော–ကမမောင်း ဖာပွန်–ကမမောင်း

(၅၉)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြု စာတပ်ပုံမှတ်တမ်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ–မိုင်းဖြတ်–တာချီလိတ်ကားလမ်း ဖောက်လုပ်ရေး လုပ်ငန်းတွင် တပ်မတော်သားများ ဤသို့ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

မကွေး–တောင်တွင်းကြီး ရထားလမ်းဖောက်လုပ်ရေး လုပ်ငန်းခွင်တွင် အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများ ဤသို့ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

တပ်မတော်နှင့်ပြည်သူ ပူးပေါင်းဖောက်လုပ်ခဲ့သည့်ရထားလမ်းများ

စဉ်	ပြည်နယ်/တိုင်း	ရထားလမ်း
၁။	မကွေးတိုင်း	မကွေး–တောင်တွင်းကြီး ဂန့်ဂေါ–ရေမျက်နီ နတ်ချောင်း–ဂန့်ဂေါ ပခုက္ကူ–မင်းရွာ ပခုက္ကူ–မြို့စိုး–ဇီးပြား အောင်လံ–ဆတ်သွား
၂။	စစ်ကိုင်းတိုင်း	ဘုတလင်–ရေဦး–ခင်ဦး ကလေး–နတ်ချောင်း နတ်ချောင်း–ဂန့်ဂေါ

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့မှစ၍ နိုင်ငံတော်အာဏာကို ကာကွယ်စောင့်ရှောက်ပြီး တာဝန်ယူဦးဆောင်ခဲ့သော တပ်မတော်သည် ယနေ့ကာလတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလည်းကောင်း၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးကိုလည်းကောင်း၊ နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှု အဆင့်အတန်းများ မြင့်မားရေးကိုလည်းကောင်း ကြိုးပမ်းဆောင်ရွက်ခဲ့ ဆောင်ရွက်ဆဲဖြစ်သည်။

မျက်မှောက်ကာလ မြန်မာနိုင်ငံတော်၏ သမိုင်းခေတ်တွင် မည်သည့်ခေတ်ကာလကမျှ မရရှိခဲ့သော ငြိမ်းချမ်းမှုကို ရရှိခဲ့သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (၁၇)ဖွဲ့နှင့် ငြိမ်းချမ်းရေးရယူနိုင်ခဲ့သဖြင့် နိုင်ငံနှင့်အဝန်း တည်ငြိမ်အေးချမ်းမှု ရရှိလာခဲ့သည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် လူမှု စီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုတို့သည် ဒီမိုကရေစီ ဖြစ်ထွန်းလာရေးအတွက်

ပြည်ပအသံလွှင့်ဌာနအချို့၏ ကောလာဟလ ထုတ်လွှင့်ချက်များကို နားယောင်ပြီး တစ်ဖက်နိုင်ငံသို့ ထွက်ပြေးသွားကြသည့် လူငယ်များ အမိမြေသို့ ပြန်လည်ရောက်ရှိလာရာ တာဝန်ရှိသူများက ဤသို့ နွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။

ရေခံမြေခံကောင်း၊ ပတ်ဝန်းကျင်ကောင်းများဖြစ်သည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်ရန် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ခဲ့ရာ နိုင်ငံတော်နှင့်အဝန်း ပြည်သူတစ်ရပ်လုံးက ကြိုဆိုထောက်ခံခဲ့ကြသည်။

သို့သော်လည်း မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့၏ပကတိအခြေအနေမှန်ကို မျက်ကွယ်ပြုပြီး အဆိုးမြင်ဝါဒများလွှမ်းမိုးနေကြသည့် နိုင်ငံတကာ နယ်ချဲ့ကိုလိုနီလက်သစ်များနှင့် ယင်းတို့၏သြဇာခံ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများက လုပ်ကြံဖန်တီးသော သတင်းများ၊ ပုတ်ခတ်စွပ်စွဲမှုများကို ပြည်ပအသံလွှင့်ဌာနများဖြစ်သည့် ဘီဘီစီ၊ ဗွီအိုအေ၊ အာရ်အက်ဖ်အေ၊ ဒီဗွီဘီတို့က နေ့စဉ်နှင့်အမျှ ထုတ်လွှင့်လျက်ရှိသည်။

ယင်းတို့ ထုတ်လွှင့်နေသော အကြောင်းအရာများ၊ ပုတ်ခတ်စွပ်စွဲမှုများအား အနှစ်ချုပ်လိုက်ပါက တပ်မတော်သည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ဖျက်ဆီးနေသည်ဟူ၍လည်းကောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျပ်အတည်းဖြစ်နေသည်ဟူ၍လည်းကောင်း၊ အဓမ္မလုပ်အားပေးမှုများကို ကျူးလွန်နေပြီး အမျိုးသမီးငယ်များကလည်း စီးပွားရေး ကျပ်တည်းသဖြင့် မကောင်းသောအသက်မွေးမှုဖြင့် အသက်မွေးနေကြရသည်ဟူ၍လည်းကောင်း၊ မူးယစ်ဆေးဝါးများကို မြန်မာနိုင်ငံက အများအပြား ထုတ်လုပ်ရောင်းချခြင်းကို အားပေးနေသည်ဟူ၍လည်းကောင်း အခြေအမြစ်မဲ့စွာ စွပ်စွဲပုတ်ခတ်ထုတ်လွှင့်ခဲ့ကြသည်။

တပ်မတော်သည် နိုင်ငံတော်နှင့် ပြည်သူအကျိုး သယ်ပိုးခဲ့ရာ အောင်မြင်မှုရလာသည်နှင့်အမျှ မနာလိုမရှုဆိတ်သော နယ်ချဲ့ဝါဒီများနှင့် ပြည်ပအသံလွှင့်ဌာနအချို့က တပ်မတော်အစိုးရကို ‘စစ်အစိုးရ၊ စစ်အစိုးရ’ဟူ၍ လေသံမာမာဖြင့် ပြောဆိုလာပြီး မဟုတ်မဟတ် လုပ်ဇာတ်သတင်းများကို ထုတ်လွှင့်လာကြသည်။

တပ်မတော်သည် ၁၉၈၈ ခုနှစ်က နိုင်ငံတော်လွတ်လပ်ရေး ဆုံးရှုံးရတော့မည့် အန္တရာယ်မှ ကာကွယ်ခဲ့ပြီး နိုင်ငံတော်ကို ဆက်လက်တာဝန်ယူခဲ့သော်လည်း နိုင်ငံတော်ကို စီမံအုပ်ချုပ်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများဖြင့်သာ စီမံအုပ်ချုပ်ခဲ့သည်။ “စစ်အစိုးရ”ဟု ဆိုရလေအောင် တပ်မတော်အစိုးရသည် မာရှယ်လောခေါ် စစ်ဥပဒေကို တစ်ကြိမ်တစ်ခါမျှ မသုံးခဲ့ချေ။ နယ်ချဲ့ဝါဒီများ၏ လုပ်ဇာတ်ကြောင့် မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်အချို့ လာရောက်ရန်စိုးရွံ့ခဲ့ကြပြီး တကယ်တမ်း လာရောက်သောအခါ ၎င်းတို့အား နိုင်ငံ့ခေါင်းဆောင်များနှင့် ပြည်သူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုဧည့်ခံပြီး ညင်သာပျော့ပျောင်းစွာ လက်ခံတွေ့ဆုံ ပြောဆိုဆက်ဆံခဲ့သဖြင့် ၎င်းတို့၏ အကြားနှင့်အမြင်သည် တက်တက်စင်အောင် လွဲခဲ့ရသည်ချည်းဖြစ်သည်။

စင်စစ်ယင်းသို့လုပ်ကြံပုတ်ခတ် စွပ်စွဲထုတ်လွှင့်နေခြင်း၏အကြောင်းရင်းခံမှာ တပ်မတော်အစိုးရအား ဖယ်ရှားပြီး ယင်းတို့၏ သြဇာခံများ နိုင်ငံတော်အာဏာရယူနိုင်ရေးနှင့် မြန်မာနိုင်ငံအား သြဇာခံ အခြေအရံနိုင်ငံအဖြစ်သိမ်းသွင်းနိုင်ရေးကို နိုင်ငံတကာ နယ်ချဲ့ ကိုလိုနီလက်သစ်များနှင့် သြဇာခံ ပြည်တွင်းပြည်ပ အဖျက်သမားများတို့ကပူးပေါင်းကြိုးပမ်းလုပ်ကြံနေခြင်းဖြစ်သည်။ နိုင်ငံတကာ နယ်ချဲ့ ကိုလိုနီလက်သစ်များက ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အကြောင်းပြပြီး နိုင်ငံတကာနယ်ပယ်တွင် ဝင်ရောက်စွက်ဖက် ကျူးကျော်မှုများကို ကျူးလွန်လျက်ရှိသည်မှာလည်း အထင်အရှားလေ့လာသိမြင်နေရသည်။ ယင်းတို့၏ စွက်ဖက်ကျူးကျော်မှုများကြောင့် သက်ဆိုင်ရာနိုင်ငံနှင့် နိုင်ငံသားပြည်သူတို့၏ဘဝများသည် အမှန်တကယ် အေးချမ်းတည်ငြိမ်လာသလား၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများခံစားရရှိလာသလား၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာသလားဟူသော မေးခွန်းများအား နိုင်ငံတကာသတင်းစာမျက်နှာများက ဖြေကြားလျက်ရှိပြီးဖြစ်သည်။

ဆိုရလျှင် ၁၉၈၈ ခုနှစ် မင်းမဲ့စရိုက်သောင်းကျန်းမှုများကို တပ်မတော်က အရေးယူရှင်းလင်းပြီး နိုင်ငံတော်ကို တာဝန်ယူဦးဆောင်လိုက်ခြင်းသည် အမျိုးသားရေးတာဝန်အရ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမပြိုကွဲရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်လိုက်ခြင်းဖြစ်သည်။

တပ်မတော်သည် နိုင်ငံ့လွတ်လပ်ရေးကို အသက်သွေးချွေးများစွာ ပေးဆက်၍ ရယူခဲ့ရသည်။ လွတ်လပ်ရေးကို လွယ်လွယ်ကူကူနှင့် ရခဲ့ခြင်း မဟုတ်ပေ။ ထို့ကြောင့် လွတ်လပ်ရေးကိုလည်း မည်သည့်အကြောင်းကိစ္စနှင့်မျှ ပြန်လည်အဆုံးအရှုံးမခံနိုင်ချေ။ တပ်မတော်သည် ပြည်သူနှင့်လက်တွဲ၍ လွတ်လပ်ရေးကို အသက်ပေးပြီး ဆက်လက်ကာကွယ် ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်သည်။ တပ်မတော်သားများသည် ပြည်သူမှဖွားသော ပြည်သူတို့၏ ရင်နှစ်သည်းချာ သားကောင်းရတနာများ ဖြစ်ကြသည်။ တပ်မတော်ကို ပြည်သူတို့၏ သားသမီးများဖြင့်သာ ဖွဲ့စည်းထားခြင်းဖြစ်သည်။ တပ်မတော်သည် မိဘပြည်သူတို့၏ အကျိုးကိုသာ ထာဝစဉ်သယ်ပိုးသွားမည်ဖြစ်သည်။ မြန်မာ့တပ်မတော်သည် ကြေးစားတပ်မတော်မဟုတ်ချေ။ မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်း၏ သြဇာခံလည်းမဟုတ်ချေ။ တပ်မတော်သည်

ပြည်သူ့ချစ်သေ

အစဉ်အလာ (၁၂)ရပ်၊ တပ်မတော်အား(၁၀)ပါးတို့နှင့်အညီ တပ်မတော်၏ အဓိကလုပ်ငန်းတာဝန်ကြီး(၃)ရပ်ကို ကျေပွန်စွာထမ်းဆောင် သွားမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတကာနယ်ချဲ့ကိုလိုနီလက်သစ်များနှင့် သြဇာခံများက တပ်မတော်နှင့် ပြည်သူအကြား သပ်လျှိုသည့်လုပ်ရပ်များ ကြိုးပမ်းလုပ်ဆောင်

စစ်သည်နန္ဒ

လာကြသည်။ အသံလွှင့်ဌာနအချို့ကို သိမ်းသွင်းကာ တပ်မတော်အပေါ် မဟုတ်မမှန်သတင်းများ ထုတ်လွှင့်စေခဲ့သည်။ တပ်မတော်အပေါ် လုပ်ကြံပုတ်ခတ်ပြီး နိုင်ငံတကာက ဝိုင်းပယ်ရန်၊ ကုလသမဂ္ဂက အသိအမှတ်မပြုရန် ကြိုးပမ်းခဲ့ကြသည်။

နိုင်ငံတကာအစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက တပ်မတော်ကို အထင်လွဲမှားစေရန် ဖန်တီးခဲ့ကြသည်။ မြန်မာနိုင်ငံအား အာဆီယံအဖွဲ့က အဖွဲ့ဝင်အဖြစ်လက်မခံရန် နိုင်ငံတကာ နယ်ချဲ့ကိုလိုနီလက်သစ်နှင့် ပြည်ပသြဇာခံ ပြည်တွင်းပြည်ပ အဖျက်သမားများက အပြင်းအထန် ပိတ်ပင်တားဆီးခဲ့ကြသည်။ နိုင်ငံတကာ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများ မလုပ်ရန်နှင့် ရင်းနှီးမြှုပ်နှံပြီး စီးပွားရေးလုပ်ငန်းများ ရုပ်သိမ်းရန်တို့ကို အစဉ်တစိုက်ကြိုးပမ်းလှုပ်ရှားခဲ့ကြသည်။ နိုင်ငံတကာ ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့

နိုင်ငံတော်၏ ပကတိဖြစ်ပေါ်တိုးတက်မှုများအနက် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးမြင်ကွင်းအလှ တစ်ခုဖြစ်သည့် ပန်ဝါမြို့ ရှခင်းပသာဒကို ဤသို့ တွေ့ရသည်။

(၅၉)နှစ်မြောက် တပ်မတော်နေ့ အကြို ဂုဏ်ပြုဆောင်းပါး

င် ဝင်ရောက်
အထင်အရှား
မှုများကြောင့်
အမှန်တကယ်
ရေးများခံစား
သော မေးခွန်း
ရှိပြီးဖြစ်သည်။
ို တပ်မတော်
ိုက်ခြင်းသည်
သားစည်းလုံး
ဏာ တည်တံ့
ဲ့။
ွေးနွေးများစွာ
ူနှင့် ရခဲ့ခြင်း
ကြောင်းကိုစ္စ
နှင့်လက်တွဲ၍
်းစောင့်ရှောက်
သော ပြည်သူ
တပ်မတော်ကို
ဲ့။ တပ်မတော်
ည်ဖြစ်သည်။
ည်သည့်နိုင်ငံ၊
်မတော်သည်

မသွားရောက်ရန်အတွက် မဟုတ်မမှန်လုပ်ကြံဖန်တီး၍ ခြိမ်းခြောက်ဟန့်တား ပိတ်ပင်ခဲ့သည်။ နိုင်ငံတကာအဖွဲ့အစည်းများက မြန်မာနိုင်ငံတွင် ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ညီလာခံများ လာရောက်ကျင်းပပါကလည်း ယင်းဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ညီလာခံများ ပျက်ပြားစေရန် လုပ်ကြံဖန်တီး ပုတ်ခတ်ခဲ့ကြသည်။ သိက္ခာချရန် ကြိုးပမ်းခဲ့ကြသည်။ နောက်ဆုံးတွင် နိုင်ငံကြီးအချို့က မြန်မာနိုင်ငံအား စီးပွားရေးပိတ်ပင်ပြီး စီးပွားရေးအကျပ်အတည်းဖြစ်လာစေရန် သိက္ခာမဲ့စွာ စွက်ဖက်နှောင့်ယှက် ဖိအားပေးခဲ့ကြသည်။

ဤတွင် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့၏ အကျိုးစီးပွားကို လိုလားသော အိမ်နီးချင်းမိတ်ဆွေနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နိုင်ငံကြီး အချို့မှ အစိုးရများ၊နိုင်ငံခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် သတင်းစာဆရာများက မြန်မာနိုင်ငံအား စီးပွားရေးပိတ်ပင်ပြီး ဖိအား ပေးနေခြင်းဖြင့် ဒီမိုကရေစီထွန်းကားရေးကို ပို၍နှောင့်နှေးစေမည်ဟူ၍ လည်းကောင်း၊ မြန်မာပြည်သူတို့အား ပို၍ဆင်းရဲတွင်းနက်အောင် ပြုလုပ်ရာ ကျမည်ဟူ၍လည်းကောင်း၊ စီးပွားရေးအရ ဒဏ်ခတ်အရေးယူမှုသည် မြန်မာ နိုင်ငံအား ဒီမိုကရေစီဖြစ်ထွန်းရေးလား၊ သြဇာခံနိုင်ငံရေးသမားများ အာဏာ ရရေးလားဟူ၍လည်းကောင်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ဖြစ်ထွန်းရေးကို လိုလားပါက ဒီမိုကရေစီဖြစ်ထွန်းစေမည့် ပံ့ပိုးကူညီမှု၊ လက်တွဲခေါ်ဆောင်မှု တို့ကို စိတ်ရင်းစေတနာကောင်းများဖြင့် ဆောင်ရွက်သင့်သည်ဟူ၍ လည်းကောင်း၊ ၎င်းတို့၏ သဘောထားများ ပြောကြားခဲ့ကြသည်။ ရေးသား ခဲ့ကြသည်။

ယင်းအပြင်အမှန်တကယ်မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှု ဖွံ့ဖြိုး တိုးတက်မှုများကိုလည်း မြန်မာနိုင်ငံသို့ လာရောက်လေ့လာလည်ပတ်

...သောတပ်မတော်

ာပ်မတော်၏
င် သွားမည်

သြဇာခံများက
မ်းလုပ်ဆောင်

မတော်အပေါ်
ပေါ် လုပ်ကြံ
အမှတ်မပြုရန်

တပ်မတော်ကို
ဆီယံအဖွဲ့က
စ်နှင့် ပြည်ပ
ထန် ပိတ်ပင်
ဗလုပ်ရန်နှင့်
စကိုက်ကြိုးမ်း
မြန်မာနိုင်ငံသို့

ဝန်ဝါမြို့.

ခဲ့ကြသော နိုင်ငံတကာဧည့်သည်များနှင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာပုဂ္ဂိုလ်ပညာရှင်များနှင့် အဖွဲ့အစည်းများက စာအုပ်များ၊ ဆောင်းပါးများ၊ ရေးသားထုတ်ဝေဖြန့်ချိခဲ့သော်လည်း မြန်မာနိုင်ငံ၏ ကောင်း သတင်းများကို နိုင်ငံတကာပြည်သူများအတွင်းသို့ ကျယ်ပြန့်စွာရောက်ရှိရန်

အား အာဆီယံအဖွဲ့ဝင်အဖြစ်ဝင်ရောက်ရေးနှင့်ပတ်သက်ပြီး ဆွေးနွေးရာမှာ **"အာဆီယံက မြန်မာနိုင်ငံနှင့်အပြုသဘောဆောင်သည့် ဆက်ဆံရေးထားရှိခြင်း ကြောင့် မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများနှင့် ဆက်ဆံမှု ကျယ်ပြန့် လာစေရန် အထောက်အကူပြုကြောင်း၊ အပြုသဘောဆောင်သည့် ဆက်ဆံရေး သည် မြန်မာနိုင်ငံအဖို့ အကျိုးသက်ရောက်မှုမရှိဟု ပြောကြားမည်ဆိုလျှင် ပြောကြားသူတိုင်းသည် ဖြစ်ရပ်အမှန်ကို မမြင်ကြသူများသာဖြစ်ကြောင်း"** ဟူ၍လည်းကောင်း **"ယနေ့မြန်မာနိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်းများစွာနှင့်**

တပ်မတော်နှင့်ပြည်သူတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဤသို့ တက်တက်ကြွကြွ ဆောင်ရွက လျက်ရှိကြသည်။

မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ပကတိ အမှန်တရားများကို သိမြင်ကြသည့် ပြည်ပဧည့်သည်များကလည်း မြန်မာနိုင်ငံသို့ အကြိမ်ကြိမ်လာရောက်လည်ပတ်လျက်ရှိကြသည်။

ပြည်ပအသံလွှင့်ဌာနများဖြစ်သော ဘီဘီစီ၊ ဗွီအိုအေ၊ အာရ်အက်ဖ်အေ၊ ဒီဗွီဘီတို့က မည်သည့်ကာလကမျှ ထုတ်လွှင့်ပေးခြင်းမရှိခဲ့ပေ။ အဆိုပါ အသံလွှင့်ဌာနများသည် သူတစ်ပါး၏ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ပြီး မဟုတ်မမှန် လုပ်ကြံသတင်းများ ထုတ်လွှင့်ခဲ့သည်ချည်းဖြစ်သည်။

မြန်မာနိုင်ငံနှင့်မြန်မာပြည်သူတို့၏ ဒီမိုကရေစီကြိုးပမ်းမှုများ၊ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများအား ပကတိအတိုင်း နားလည်သိရှိထားကြသော ပြည်ပနိုင်ငံခေါင်းဆောင်များ၏ သဘောထားများက ရိုးသားပွင့်လင်းမှု ရှိသကဲ့သို့ အပြုသဘောဆောင်သည်ကိုလည်း လေ့လာသိရှိရပေသည်။ ယင်းတို့အနက်က ၁၉၉၆ခုနှစ် နိုဝင်ဘာလ ၃၀ရက်နေ့ က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ကျင်းပသော အာဆီယံအဖွဲ့ဝင် နိုင်ငံအကြီးအကဲများ၏ ပထမအကြိမ်အလွတ်သဘောဆွေးနွေးပွဲတွင် ထိုစဉ်က မလေးရှားနိုင်ငံ ခေါင်းဆောင် ဝန်ကြီးချုပ် ဒေါက်တာမဟာသီ ဘင်မိုဟာမက်က မြန်မာနိုင်ငံ

မတူတော့ကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံခြားကုန်သွယ်ရေး၊ နိုင်ငံခြားရင်းနှီး မြှုပ်နှံရေးတို့ကို နိုင်ငံခြားတိုင်းပြည်များအား တံခါးဖွင့်ပေးထားပြီး ဖြစ်ကြောင်း အခြားသောကဏ္ဍများတွင်လည်း နိုင်ငံတကာနှင့်ဆက်ဆံမှု တိုးချဲ့ပြုလုပ် လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအပေါ်ထားရှိသော အပြုသဘော ဆောင်သည့် ဆက်ဆံရေးမူဝါဒကို ဆက်လက်ကျင့်သုံးခြင်းဖြင့် တိုးတက် ကောင်းမွန်သော ဖြစ်ပေါ်ပြောင်းလဲမှုများ ပိုမိုဖြစ်ထွန်းလာမည်ဟု အာဆီယံ ခေါင်းဆောင်များက ခံယူထားကြောင်း" ဟူ၍ ပြောကြားခဲ့သည်။

ယင်းအပြင်မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံဝန်ကြီးချုပ် သက်ဆင်က မြန်မာနိုင်ငံကချမှတ်ထားသော နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အား ကြိုဆိုထောက်ခံသည့်အပြင် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် အာရှ၊ ဥရောပရှိနိုင်ငံအချို့မှ အစိုးရကိုယ်စားလှယ်များအား ဖိတ်ကြားပြီး မူဝါဒလမ်းစဉ်(၇)ရပ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံကိုယ်စားလှယ်

နှင့် တွေ့ဆုံဆွေးနွေးလေ့လာနိုင်ရန် ဆောင်ရွက်ခဲ့သည်။ ယင်းသို့ဆောင်ရွ
သည်ကိုပင် အနောက်အုပ်စုမှ နိုင်ငံရေးသမား လွှတ်တော်အမတ်ဆိုသူ
ထိုင်းနိုင်ငံဝန်ကြီးချုပ်အား မြန်မာနိုင်ငံစစ်အစိုးရ၏ ပွဲစားဟူ၍လည်းကော
ပွဲစားခအဖြစ် မြန်မာနိုင်ငံတွင် သက်ဆင်၏ ပုဂ္ဂလိကစီးပွားရေးကို ပိုမိုတိုးချဲ
ရရှိခဲ့သည်ဟူ၍လည်းကောင်း၊ စွပ်စွဲပုတ်ခတ်ခဲ့ရာ ထိုင်းနိုင်ငံအစိုး
"ထိုင်းနိုင်ငံက မြန်မာနိုင်ငံအား ဒီမိုကရေစီဖြစ်ထွန်းရေးအတွက် ပံ့ပိုးကူ
ဆောင်ရွက်ခြင်းမှာ မည်သည့်ကိုယ်ကျိုး စီးပွားအတွက်မျှ မဟုတ်ဘဲအိမ်နီး
နိုင်ငံတစ်နိုင်ငံအနေဖြင့်လည်းကောင်း၊ ဒေသတွင်း နိုင်ငံတစ်နိုင်ငံအနေ
လည်းကောင်း၊ ကူညီရမည့်ဝတ္တရားအရ ကူညီပံ့ပိုးခြင်းဖြစ်ကြောင်း" ရှင်း
တုံ့ပြန်ခဲ့သည်။

အလားတူပင် မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖြစ်ထွန်းရေးအတွက် က
ဆောင်ရွက်ရန် ကုလသမဂ္ဂမှ အထူးကိုယ်စားလှယ် ရာဇာလီ အစ္စမေးလ်
မြန်မာနိုင်ငံ၏ ပကတိအရှိအတိုင်း လေ့လာတွေ့ရှိမှုများ၊ ဆောင်ရွက်မှုမျာ
သတင်းစာရှင်းလင်းပွဲ၌ ရှင်းလင်းခြင်း၊ အစီရင်ခံစာတင်သွင်းခြင်းတို
ပတ်သက်ပြီး မကျေနပ်ကြသော အနောက်အုပ်စုမှ နိုင်ငံရေးသမားအချို
ဝေဖန်ပြစ်တင်စွပ်စွဲမှုများကို ပြုလုပ်ကြသည့်အပြင် ရာဇာလီအစ္စမေးလ်
ကုလသမဂ္ဂကိုယ်စားလှယ်အဖြစ်မှ နုတ်ပယ်ပေးရန်အထိ တိုက်
လာခဲ့ကြသည်။ ဤသည်တို့မှာ မြန်မာနိုင်ငံ၏ ပကတိဖြစ်တည်နေ
နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်ဖြစ်ထွန်းလာမှုများကို နိုင်ငံတ
ပြည်သူများက အမှန်အတိုင်း နားလည်မည်ကို စိုးရိမ်ပူပန်နေကြ
နိုင်ငံတကာ နယ်ချဲ့ကိုလိုနီ လက်သစ်ဝါဒီ များ၏ သဘောထားပင်ဖြစ်သ

မည်သို့ဆိုစေ မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖြစ်ထွန်းရေးကို ကြိုး
တည်ဆောက်နေသော တပ်မတော်၏ ဂုဏ်သိက္ခာနှင့် အစဉ်အလာ
မြန်မာနိုင်ငံနှင့် မြန်မာတိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွာ
ကာကွယ်စောင့်ရှောက် ဖော်ဆောင်လျက် ရှိသည်မှာ မြန်မာနိုင်င
အမျိုးသား နိုင်ငံရေးသမိုင်းတွင် အထင်အရှားတည်ရှိနေပြီးဖြစ်သည်။

ထို့ကြောင့် တပ်မတော်အပေါ် မည်သည့်နယ်ချဲ့ လက်သစ်
မည်သည့်နယ်ချဲ့သြဇာခံ၊ မည်သည့် ပြည်ပအသံလွှင့်ဌာနများက မည်သို
အမှန်တရားကို မျက်ကွယ်ပြုပြီး မဟုတ်မမှန် ဇာတ်လမ်းများကို လုပ်ကြံဖန်
နေစေကာမူ တပ်မတော်၏ လုပ်ရပ်အမှန်တို့ကား မည်သို့မျှ ဖုံးကွယ်၍
နိုင်ပါချေ။ ကြည့်သောသူသည် မြင်နိုင်ပါသည်။ ခေတ်အဆက်ဆ
ပြည်သူဘက်က အမြဲ ရပ်တည်ခဲ့သော တပ်မတော်၏ သမိုင်းမော်ကွန်းသ
အစဉ် ထွန်းပြောင်လင်းလက်လျက်ရှိပါသည်။ ထို့ပြင် တပ်မတော်သ
"ပြည်သူချစ်သော တပ်မတော်" အဖြစ် ဆက်လက်၍ သမိုင်းတွင်ရစ်လ
ရှိနေမည်ကား အမှန်တရားအစစ်ပင် ဖြစ်ပါပေတော့သည်။ ။

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့၌ တည်ဆောက်ပြီးစီးသွားသည့် မုံရွာလေဆိပ်ဖွင့်ပွဲ အခမ်းအနားတွင် မုံရွာလေဆိပ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

တိုင်းရင်းသားအချင်းချင်း အထိအတွေ့ ပိုမိုများပြားလာစေရန် လမ်း၊ တံတားများကို တည်ဆောက်ပေးလျက်ရှိ ယခုဆိုလျှင် ပြည်ထောင်စုကြီး၏အရှေ့ဖျားမှ အနောက်ဖျား၊ မြောက်ဖျားမှ တောင်ဖျား သွားလာ၍ ရနေပြီဖြစ်

✧ **ကျောဖုံးမှ**

ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်နှင့် မုံရွာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ ရွှေသံလွင် ဟိုက်ဝေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးများအဖြစ် မုံရွာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခက်သန္တာစိုးနှင့် အသင်းဝင် မဝေမွန်လေးမြင့်တို့က ဆောင်ရွက်ကြသည်။

ဂျက်လေယာဉ်ရောက်ရှိ

မုံရွာလေဆိပ် ဖွင့်ပွဲအခမ်းအနား မစတင်မီ မြန်မာ့လေကြောင်းမှ ဖော်ကာ F-28 ဂျက်လေယာဉ်သည် နံနက် ၇နာရီ မိနစ် ၅၀တွင် မုံရွာလေဆိပ်သို့ ခရီးသည်များနှင့်အတူ ရောက်ရှိလာသည်။

ထို့နောက် မုံရွာလေဆိပ်ဖွင့်ပွဲ အခမ်းအနားကို နံနက် ၈ နာရီတွင် စတင်ကျင်းပရာ အစီအစဉ်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက နှုတ်ခွန်းဆက်အမှာစကား ပြောကြားရာတွင် မုံရွာလေယာဉ်ကွင်းသည် မူလက လေယာဉ်ပြေးလမ်း အလျား ပေ ၅၀၀၀၊ အကျယ် ပေ ၁၀၀ ရှိသည့် ကျောက်ရော၊ မြေသား လေယာဉ်ကွင်းဖြစ်ကြောင်း၊ ဤလေယာဉ်ကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ရွှေသံလွင် ဟိုက်ဝေးကုမ္ပဏီက ပထမအဆင့်အဖြစ် အလျား ပေ ၆၀၀၀၊ အကျယ်ပေ ၁၀၀ ရှိ ကျောက်ကတ္တရာခင်း လေယာဉ်ပြေးလမ်းအဖြစ် တိုးချဲ့တည်ဆောက်ခဲ့ပြီး ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် စတင်ဖွင့်လှစ်ပေးခဲ့ကာ ဖော်ကာ F-28 အပါအဝင် ခရီးသည် လေယာဉ်များ ပြေးဆွဲလျက်ရှိနေပြီဖြစ်ကြောင်း။

ကြိုဆိုဂုဏ်ပြုဖွင့်လှစ်

ဤလေယာဉ်ပြေးလမ်းကို ဒုတိယအဆင့် အလျား ပေ ၈၅၀၀ အထိ နိုင်လွန်ကတ္တရာ ပြေးလမ်းအဖြစ် တိုးချဲ့ပြီး ခံ့ညားထည်ဝါသော လေဆိပ် အဆောက်အအုံ ပြည့်ပြည့်စုံစုံဖြင့် ခေတ်မီလေဆိပ်အဖြစ် တည်ဆောက်ပြီးစီးသည့်အတွက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယနေ့ ခမ်းခမ်းနားနား ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံတကာနှင့် သွားလာကူးလူးဆက်ဆံရာတွင်ရော၊ နိုင်ငံအတွင်း ဒေသတစ်ခုနှင့်တစ်ခု ကူးလူးဆက်ဆံရာတွင်ပါ လွယ်ကူလျင်မြန်စေရန်အတွက် ယခုကဲ့သို့ လေယာဉ်ကွင်းဟောင်းများကို အဆင့်မြှင့်တင်ခြင်း၊ လေယာဉ်ကွင်းအသစ်များ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်ကိုင်းတိုင်းအတွင်းတွင် နာဂဒေသ၏ ဝင်ထွက်ပေါက်ဖြစ်သည့် ဟုမ္မလင်းမြို့၌ ဂျက်လေယာဉ်များ ဆင်းတက်နိုင်သော လေယာဉ်ကွင်းသစ်ကို တည်ဆောက်ခဲ့သကဲ့သို့ ကလေး လေယာဉ်ကွင်းကို အဆင့်မီတိုးချဲ့ တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း၊ ခန္တီးလေယာဉ်ပြေးလမ်း တိုးချဲ့မှုကိုလည်း အမြန်ပြီးစီးအောင် လုပ်ကိုင်ဆောင်ရွက်လျက် ရှိကြောင်း။

လေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲနိုင်ရန် လေယာဉ်ကွင်း အခြေခံအဆောက်အအုံများ တည်ဆောက်နေသကဲ့သို့ စစ်ကိုင်းတိုင်းအတွင်း၌ မော်တော်ကားလမ်းများ၊ ရထားလမ်းများနှင့် မြစ်ကူးချောင်းကူး တံတားများကို တိုးချဲ့တည်ဆောက်၍ လမ်းပန်းဆက်သွယ်မှု ကွန်ရက်ကို တိုးချဲ့ခဲ့ပြီးဖြစ်ကြောင်း။

ဂုဏ်ပြုလက်ဆောင် ပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့၌ တည်ဆောက်ပြီးစီးသွားသည့် မုံရွာလေဆိပ်ဖွင့်ပွဲ အခမ်းအနားတွင် ရွှေသံလွင်ဟိုက်ဝေး ကုမ္ပဏီလီမိတက်မှ ဝန်ထမ်းများကိုယ်စား အင်ဂျင်နီယာမှူးကြီး ဦးတင်ဝင်းအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။ (သတင်းစဉ်)

ကလေး–ဂန့်ဂေါ–ပခုက္ကူ–ချောင်းဦး ရထားလမ်းနှင့် ချင်းတွင်းမြစ်ကူးဆင်ဖြူရှင်တံတားတို့ကြောင့် စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်း ဆက်သွယ်ရေးသည် မြစ်ခြား၊ ချောင်းခြား ဖြစ်မနေတော့ဘဲ တစ်ဆက်တစ်စပ်တည်း အပြန်အလှန် လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း၊ အလားတူပင် ချင်းတွင်းမြစ်ကူး မုံရွာတံတားကြီးကို တည်ဆောက်ပြီး မုံရွာ–ယာကြီး–ကလေးဝ ကားလမ်းသစ်ကို ဖောက်လုပ်လိုက်သည့်အတွက် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းဒေသများ၏ သွားရေးလာရေးကိုသာမက ချင်းပြည်နယ်နှင့် ဆက်စပ်သွားလာရေးကိုပါ လွယ်ကူမြန်ဆန်သွားစေသည်မှာ လက်တွေ့ပင်ဖြစ်ကြောင်း။

ထို့နည်းတူစွာ မူးမြစ်ကူးတံတားနှင့် ဘုတလင်–ရေဦး–ခင်ဦး ရထားလမ်းကိုလည်း တိုက်ရိုက်ဆက်သွယ် တည်ဆောက်ပြီးဖြစ်သည့်အတွက် ဒေသတွင်း လမ်းပန်းဆက်သွယ်မှု အခြေအနေသည် ပိုမိုတိုးတက်မြန်ဆန်လာကြောင်း။

စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ် အကြားတွင်လည်း ရွှေဘို–မြစ်ကြီးနား မော်တော်ကားလမ်းကို တိုက်ရိုက်ဆက်စပ် ဖောက်လုပ်နိုင်သည့်အတွက် စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်သည် ရထားလမ်းနှင့်သာမက ကားလမ်းကြောင်းနှင့်ပါ ဆက်သွယ်သွားလာနိုင်သည်မှာ နှစ်အတော်ကြာခဲ့ပြီဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့သည်နှင့်အမျှ ဒေသ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ တိုးတက်ကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုးမှုနှင့်အတူ ဒေသခံပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းသည်လည်း တစ်ပါတည်း မြင့်မားတိုးတက်လာလျက်ရှိကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရသည် စစ်ကိုင်းတိုင်း အတွင်းတွင်သာမက အခြားပြည်နယ်၊ တိုင်းများ၏ ရေကြော၊ မြေကြောများကို တစ်ဆက်တစ်စပ်တည်းဖြစ်လာစေပြီး တိုင်းရင်းသားအချင်းချင်း အထိအတွေ့ အဆက်အဆံ ပိုမိုများပြားလာစေရန် လိုအပ်သည့် လမ်းများ၊ တံတားများကို တည်ဆောက်ပေးလျက်ရှိကြောင်း၊ ယခုဆိုလျှင် ပြည်ထောင်စုကြီး၏ အရှေ့ဖျားမှ အနောက်ဖျား၊ မြောက်ဖျားမှ တောင်ဖျား၊ ဒေါင်လိုက်ဖြစ်စေ၊ အလျားလိုက်ဖြစ်စေ သွား၍ လာ၍ ရနေပြီဖြစ်ကြောင်း။

တိုးတက်မှုသရုပ်သကန်

တိုးတက်မှုသရုပ်သကန်ကို ကိန်းဂဏန်းစာရင်းဇယားဖြင့် ကြည့်မည်ဆိုလျှင် ၁၉၈၈ခုနှစ်တွင် ကားလမ်းမိုင် ၁၃၆၀၀ ကျော်ရှိခဲ့ရာမှ ယခု မိုင် ၁၈၁၀၀ ကျော်အထိ ဖြစ်ထွန်းခဲ့ပြီး ယခင် ပေ ၁၈၀ အထက် တံတား ၁၆ စင်းရှိရာ ယခု ၁၆၈ စင်းအထိလည်းကောင်း၊ လေယာဉ်ကွင်းပေါင်း ၂၁ ကွင်း ရှိရာမှ ယခု ၂၈ကွင်း ရှိလာပြီး ယခင်က ဖော်ကာ F-28 ဂျက်လေယာဉ် ဆင်းတက်နိုင်သည့် လေယာဉ်ကွင်း ခြောက်ကွင်းသာရှိခဲ့ရာမှ ယခုအခါ ကွင်း ၂၀ အထိလည်းကောင်း တိုးတက်လာပြီဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို အဘက်ဘက်မှ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးနေခြင်းကြောင့် တိုင်းရင်းသားပြည်သူများသည် စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ပြီး ကုန်စည်ရောင်းဝယ်ရေးလုပ်ငန်းများရော ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လူမှုရေးလုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံ ပြည့်စုံမှုများသည် သားစဉ်မြေးဆက်အထိ ကျယ်ပြန့်သော အကျိုးဖြစ်ထွန်းမှုများ ရရှိစေမည်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးရင်း တစ်ဖက်မှလည်း စီးပွားရေးဖွံ့ဖြိုးမှုအတွက် လိုအပ်သည့် အခြေခံများကို တည်ဆောက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်တွင် အကြီးဆုံးဆည်ကြီးဖြစ်သည့် သဖန်းဆိပ် ဘက်စုံရေလှောင်တမံ အပါအဝင် ဆည်တမံလုပ်ငန်းပေါင်း ၂၈ ခုကို စစ်ကိုင်းတိုင်းအတွင်းတွင် တည်ဆောက်ခဲ့ပြီးဖြစ်သည့်အတွက် စိုက်ပျိုးမြေဧက ခြောက်သိန်းခန့်သည် စိုက်ပျိုးရေများရရှိပြီး သီးထပ်များ တိုးချဲ့စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း။

စိုက်ပျိုးရေရရှိရေး

ထို့အပြင် စိုက်ပျိုးရေရရှိရေး နည်းလမ်းတစ်ရပ်ဖြစ်သည့် မြစ်ရေတင်လုပ်ငန်းများကိုလည်း တည်ဆောက်ပေးလျက်ရှိကြောင်း၊ စစ်ကိုင်းတိုင်းအတွင်းတွင် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၁၆ ခု၊ ဒီဇယ်မြစ်ရေတင်လုပ်ငန်း ၄၅ ခု စုစုပေါင်း မြစ်ရေတင်လုပ်ငန်း ၆၁ ခုနှင့် မြေအောက်ရေရရှိရေး လုပ်ငန်းများကို တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် မြေဧရိယာ ဧက ၉၀၀၀၀ ကျော်ကို ရေပေးဝေနိုင်ပြီဖြစ်ကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

● စာမျက်နှာ ၁၀ မှ

ရေသောက်ဧရိယာ တိုးတက်လာသကဲ့သို့ စစ်ကိုင်းတိုင်း၏ စိုက်ပျိုးမြေဧရိယာကို ကြည့်မည်ဆိုလျှင် ယခင်ဧက ၂၈သိန်းခန့် ရှိရာမှ ယခုဧက ၃၉သိန်းကျော် ၄၀ နီးပါးခန့်အထိ တိုးတက်လာပြီး စပါးစိုက်ဧရိယာအနေဖြင့်ဧက ၁၁သမ၂ သန်းကျော် စိုက်ပျိုးနိုင်ခဲ့ရာမှ ယခုအခါ ဧက ၁၁သမ၈သန်းခန့် စိုက်ပျိုးနိုင်ခဲ့သည့်အတွက် စပါးစိုက်ဧက ၅၁သမ၈သိန်းကျော် တိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် စစ်ကိုင်းတိုင်းသည် စပါးအထွက် သိသာစွာ တိုးတက်လာပြီး ဆန်စပါးပိုလျှံလာသည့်အတွက် အထက်မြန်မာနိုင်ငံ၏ စပါးကျီအဖြစ် စတင်ရပ်တည်လာနေပြီဖြစ်ကြောင်း၊ အခြားပဲအမျိုးမျိုး၊ ဆီထွက်သီးနှံနှင့် ဝါသီးနှံတို့သည်လည်း တိုးတက်ထွက်ရှိလျက် ရှိကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့်တိုင်းဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်နိုင်အား တိုးတက်လာသည်နှင့်အမျှ စစ်ကိုင်းတိုင်း၏ ကျန်စီးပွားရေး ကဏ္ဍများသည်လည်း တိုးတက်ဖွံ့ဖြိုးလာလျက်ရှိကြောင်း။

စစ်ကိုင်းတိုင်း၏ စီးပွားရေးတိုးတက်မှုနှုန်းကို ကြည့်မည်ဆိုလျှင် ၂၀၀၁-၂၀၀၂ခုနှစ်တွင် ၁၀ရာခိုင်နှုန်း၊၂၀၀၂-၂၀၀၃ခုနှစ်တွင် ၁၅ရာခိုင်နှုန်းခန့် အသီးသီးတိုးတက်လာခဲ့ပြီး ယခုနှစ်တွင်လည်းတိုးတက်မှုနှုန်းသည် ၁၀ရာခိုင်နှုန်းအထက်တွင်ရှိမည့် အခြေအနေကောင်းများ ရှိနေကြောင်းကို လေ့လာတွေ့ရှိနေရကြောင်း။

ထင်ရှားပေါ်လွင်

ဤကဲ့သို့ တိုးတက်လာသည့်အတွက် စစ်ကိုင်းတိုင်းသည် နိုင်ငံတော်တစ်ရပ်လုံး၏ အမျိုးသားစီးပွားရေး တန်ဖိုးပမာဏ၌ ၁၂ရာခိုင်နှုန်းခန့် အချိုးအစားအားဖြင့် ပါဝင်အထောက်အကူပြုနိုင်သည့် တိုင်းကြီးတစ်တိုင်း ဖြစ်နေပြီး လူတစ်ဦးချင်းဝင်ငွေသည်လည်း ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ကျပ်တစ်သိန်းနှစ်သောင်းခန့်ရှိခဲ့ပြီး ၂၀၀၃-၂၀၀၄ခုနှစ်တွင် ကျပ်တစ်သိန်းခွဲခန့်အထိ တိုးတက်လာမည်ဟု မျှော်မှန်းတွက်ဆ၍ရနေပြီဖြစ်ကြောင်း၊ ကိန်းဂဏန်းအရရော၊ မျက်မြင် ရုပ်ပိုင်းအခြေအနေများအရပါ စစ်ကိုင်းတိုင်းသည် အမှန်တကယ် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ် ရောက်ရှိနေသည်မှာ ထင်ရှားပေါ်လွင်လျက်ရှိကြောင်း။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး မုံရွာခရိုင် မုံရွာမြို့၌ တည်ဆောက်ပြီးစီးသွားသည့် မုံရွာလေဆိပ်ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဤကဲ့သို့ တိုးတက်လာခြင်းသည် နိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့်စေတနာနှင့် ဖန်တီးပေးထားသော အခြေခံကောင်းများကို ဒေသ၌ရှိသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများက ထိထိရောက်ရောက် အသုံးချပြီး ကုန်ထုတ်လုပ်မှု တိုးတက်အောင် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ခဲ့၍ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်လမ်းညွှန်မှုပေးပြီး လိုအပ်သည်များကို ပံ့ပိုးကူညီ အထောက်အကူသာ ပေးနိုင်မည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ် ဖော်ဆောင်နိုင်သည့် အင်အားစုမှာ ဒေသ၌ရှိသည့် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများနှင့် တပ်မတော်သားများပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် ညီညီညွတ်ညွတ် ဦးပဲ့ထမ်းပြီး တကယ်အားထုတ် အလုပ်လုပ်နိုင်မှသာ နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် ရွှေသံလွင်ဟိုက်ဝေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့၌ တည်ဆောက်ပြီးစီးသွားသည့် မုံရွာလေဆိပ်ဖွင့်ပွဲ အခမ်းအနားတွင် မုံရွာလေဆိပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့၌ တည်ဆောက်ပြီးစီးသွားသည့် မုံရွာလေဆိပ်ဖွင့်ပွဲ အခမ်းအနားတွင် ဖွင့်ပွဲမှခ်ဦးရှေ့၌ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အလုပ်မှန်အသိမှန်

ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအားလုံး ပြည်နယ်/တိုင်းအားလုံး မျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်မှလည်း ပြည်ထောင်စုကြီးသည် တင်းပြည့်ကျပ်ပြည့် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြို့နယ်လည်း မြို့နယ်အလျောက်၊ ခရိုင်လည်းခရိုင်အလျောက်၊ ပြည်နယ်/တိုင်းလည်း ပြည်နယ်/တိုင်းအလျောက် ထိထိမိမိ အလုပ်လုပ်ကြရန်လိုကြောင်း၊ အလုပ်လုပ်ကြရာတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နားလည်စာနာမှု၊ ညီညွတ်မှု၊ စည်းကမ်းဥပဒေလေးစားလိုက်နာမှု၊ ဝီရိယထား အားထုတ်ကြိုးပမ်းမှုများကို အခြေခံပြီး အလုပ်လုပ်ကြရမည်ဖြစ်ကြောင်း၊ အလုပ်မှန် အသိမှန်မှသာ ဒေသ၏ စီးပွားဖွံ့ဖြိုးရေးအပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည်ဖြစ်သည့်အပြင် ပြည်ထောင်စုကြီး၌ အခြေခံအားဖြင့် လိုအပ်နေသည့် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ ညီညွတ်မှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့ကို တည်ဆောက်ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် အမှန်နှင့်အမှား၊ အလင်းနှင့်အမှောင်၊ အကောင်းနှင့်အဆိုးတို့ကို ဝေဖန်ပိုင်းခြား ဆန်းစစ်နိုင်သည့်ဆင်ခြင်တုံတရား၊ အသိပညာအားတို့ကို မြင့်မားကျယ်ပြန့်အောင် ကြိုးစားကြရင်း မိမိတို့၏ တစ်ဦးချင်းဘဝ တိုးတက်ရေး၊

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့၌ တည်ဆောက်ပြီးစီးသွားသည့် မုံရွာလေဆိပ်ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း တိုးတက်ဖွံ့ဖြိုးရေးနှင့် ပြည်ထောင်စုကြီးအဓွန့်ရှည် တည်တံ့ရေးတို့ကို နိုးနိုးကြားကြား သယ်ဆောင်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ဖွင့်လှစ်လိုက်သည့် ခေတ်မီမုံရွာလေယာဉ်ကွင်းကို တာဝန်ယူ တည်ဆောက်ပေးခဲ့သည့် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရွှေသံလွင်ဟိုက်ဝေးကုမ္ပဏီကိုလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသည့် ဝန်ကြီးဌာနများနှင့် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကိုလည်းကောင်း၊ ဒေသခံဝန်ထမ်းများ၊ ပြည်သူများအားလည်းကောင်း ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကားပြောကြားရာ၌ မုံရွာမြို့သည် မြန်မာနိုင်ငံ၏ အနောက်မြောက်ပိုင်းရှိ မြို့တော်တစ်ခုဖြစ်ပြီး စက်မှုလက်မှုထွန်းကားသည့် စီးပွားရေးအရ အချက်အချာကျသည့် မြို့ကြီးတစ်မြို့လည်းဖြစ်ကြောင်း၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးသာမက ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေး၊ လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့စေရေး၊ စက်မှုလက်မှုလုပ်ငန်းများကို အထောက်အကူပြုစေရေးတို့အပြင် နိုင်ငံတော်အတွင်းရှိ ပြည်သူများသာမက ကမ္ဘာ့အရပ်ရပ်က ကမ္ဘာလှည့်ခရီးသည်များပါ လာရောက်လည်ပတ်လေ့ရှိသည့် ဒေသဖြစ်ခြင်းကြောင့် မုံရွာလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ယခင်က မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ လေကြောင်းဖြင့် ဆက်သွယ်သွားလာရေးတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ခုသာရှိခဲ့ကြောင်း၊ ယခုအခါ နိုင်ငံတကာအဆင့်မီ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့်အပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကိုလည်း အဆင့်မြှင့်မွမ်းမံခြင်း၊ တိုးချဲ့တည်ဆောက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မကွေးလေဆိပ်ကို ၂၀၀၃ခုနှစ် ဇွန်လ၆ရက်၊ ဟုမ္မလင်းလေဆိပ်ကို၂၀၀၃ခုနှစ် ဩဂုတ်လ ၃ရက်၊ ပုသိမ်လေဆိပ်ကို ၂၀၀၄ခုနှစ် မတ်လ၁၄ရက် တို့တွင် အသီးသီးဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် မုံရွာလေဆိပ်ကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ အခြားလေဆိပ်များကိုလည်း ဘိုးရင်း ၇၃၇-၄၀၀ ကဲ့သို့သော ခရီးသည်တင် လေယာဉ်ကြီးများဆင်းတက်နိုင်ရေးအတွက် တည်ဆောက်လျက်ရှိကြောင်း။

ဂျက်လေယာဉ်ကြီးများ ဆင်းတက်နိုင်

ယခုတည်ဆောက်ပြီးစီးခဲ့သည့် မုံရွာလေဆိပ်ကို ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းအပ်နှံချက်အရ ရွှေသံလွင်ဟိုက်ဝေး ကုမ္ပဏီလီမိတက်က ၂၀၀၂ခုနှစ် မေ ၁၀ ရက်တွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လေယာဉ်ပြေးလမ်း အလျားပေ၈၅၀၀၊ အကျယ် ပေ၁၀၀နှင့် လမ်းသားထု ၂၄လက်မရှိ နိုင်လွန်ကတ္တရာခင်း လေယာဉ်ပြေးလမ်းအမျိုးအစားအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မုံရွာလေဆိပ် လေယာဉ်ပြေးလမ်းသည် အလေးချိန်ပေါင် ၁၅၀၀၀၀(တစ်သိန်းငါးသောင်း)ရှိ ဘိုးရင်း၇၃၇-၄၀၀အမျိုးအစား ဂျက်လေယာဉ်ကြီးများအထိ ဆင်းတက်နိုင်မည်ဖြစ်၍ ပြည်တွင်းပြည်ပမှ ယင်းအမျိုးအစားနှင့် **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❍

❍ စာမျက်နှာ ၁၁ မှ

အလားတူ လေယာဉ်များပါ ဆင်းတက်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင်လေယာဉ်ခရီးသည်များအဆင်ပြေစေရေးအတွက် အလျား၁၀၁ဝ၀၊ အနံပေ၆၀ရှိ တစ်ထပ်သံကူကွန်ကရစ် ခေတ်မီလေဆိပ်အဆောက်အအုံကိုပါ တည်ဆောက်ထားပြီးဖြစ်ကြောင်း၊ ဤလေဆိပ်အဆောက်အအုံတွင် အဝင်ခရီးသည်နှင့် အထွက်ခရီးသည် သီးခြားစီသွားလာနိုင်ရန် စီစဉ်ထားရှိပြီး အဝင်ခရီးသည်၂၅၀ဦးနှင့် အထွက်ခရီးသည် ၂၅၀ဦးတို့ တစ်ပြိုင်တည်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ အဆောက်အအုံ၏ အတွင်းပိုင်းတွင် ခရီးသည် ဆိုက်ရောက်ခန်းမ၊ ခရီးသည် ထွက်ခွာခန်းမ၊ အရေးကြီးပုဂ္ဂိုလ် နားနေဆောင်၊ လေကြောင်းလိုင်းရုံးခန်းများ၊ စားသောက်ခန်းမ၊ အမှတ်တရပစ္စည်းအရောင်းဆိုင် စသည်ဖြင့် ပါဝင်ဖွဲ့စည်းတည်ဆောက်ထားကြောင်း။

မုံရွာလေယာဉ်ကွင်းသို့ ဆင်းတက်လာမည့် လေယာဉ်များကို ထိန်းသိမ်းရေးအတွက် အလျား၁၆ပေ၊ အနံ၁၆ပေနှင့် အမြင့်ပေ၅၀ရှိ သံကူကွန်ကရီ လေကြောင်းထိန်းမျှော်စင်အသစ်ကိုပါ ထည့်သွင်းတည်ဆောက်ထားပြီးဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုး၏ စီးပွားရေးမူဝါဒအရ လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့စေရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်သစ်တည်ဆောက်ရန် နိုင်ငံတော်မှ ရန်ပုံငွေမြောက်မြားစွာ အကုန်အကျခံ၍ တည်ဆောက်ပြီးစီးခဲ့သည့် မုံရွာလေဆိပ်ကို ကြာရှည်ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးက မိမိတို့စစ်ကိုင်းတိုင်းသည် ပထဝီအနေအထားအရ အလွန်ကျယ်ပြန့်ပြီး တစ်ချိန်က လမ်းပန်းဆက်သွယ်သွားလာရေး အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရကြောင်း၊ သွားလာရေးခက်ခဲမှုများကြောင့် ၁၉၈၈ခုနှစ်မတိုင်မီက စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးခဲ့ရသကဲ့သို့ ပညာရေးနှင့် ကျန်းမာရေးအပိုင်းတွင်လည်း တိုးတက်မှုအားနည်းခဲ့ရကြောင်း။

၁၉၈၈ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးကွက်လပ်မကျန်အောင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးခဲ့သကဲ့သို့ မိမိတို့စစ်ကိုင်းတိုင်းအတွင်းတွင်လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ဂုဏ်ယူဝမ်းမြောက်

ယခင်ကစစ်ကိုင်းတိုင်းတွင် ခန္တီးနှင့်ကလေးလေယာဉ်ကွင်း နှစ်ခုသာ အသုံးပြုနိုင်ခဲ့ရာမှ ယခုဆိုလျှင် ဟုမ္မလင်းနှင့် မုံရွာလေယာဉ်ကွင်းများကိုတိုးချဲ့တည်ဆောက်ပေးခဲ့ပြီးဖြစ်သကဲ့သို့ ခန္တီးနှင့်ကလေး လေယာဉ်ကွင်းများကိုလည်း ခေတ်မီဂျက်လေယာဉ်များ ဆင်းသက်နိုင်သည်အထိ တိုးချဲ့ဆောင်ရွက်ပေးခြင်း၊ လေဆိပ်အဆောက်အအုံများကိုလည်း အဆင့်မြှင့်နိုင်ခဲ့ခြင်းကို ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့ရှိရမည်ဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းသည် အထက်မြန်မာနိုင်ငံ၏ စပါးကျီဖြစ်အောင် ကြိုးစားဆောင်ရွက်နေသည်နှင့်အညီ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုလည်း နိုင်ငံတော်အစိုးရပိုင်းက အထောက်အကူပြုပေးလျက်ရှိကြောင်း၊ ယခင်က စိုက်ပျိုးမြေ ၂၉၀၉၆၂၁ ဧကသာရှိခဲ့ရာမှ ယခုဆိုလျှင်စိုက်ဧက ၃၉၃၀၅၁၈ ဧကထိ တိုးတက်စိုက်နိုင်ခဲ့ကြောင်း၊ စပါးသီးနှံစိုက်ဧကအနေဖြင့် စုစုပေါင်း၁၇၇၁၆၆၇ ဧကကို လျာထား စိုက်ပျိုးနိုင်ခဲ့ပြီးစပါးအထွက်တင်းပေါင်း ၁၁၇သန်းအထိ ထွက်ရှိအောင် ဆောင်ရွက် နိုင်ခဲ့ကြောင်း။

ထို့အပြင်စစ်ကိုင်းတိုင်းသည် ဆီထွက်သီးနှံစုစုပေါင်း ၁၇၁၃၆၄၅ ဧက စိုက်ပျိုးနိုင်ပြီး ဆီဖူလုံပိုလျှံသည့်တိုင်းဖြစ်၍ နိုင်ငံတော်၏ ဆီအိုးကြီးလည်းဖြစ်သကဲ့သို့ အဓိကသီးနှံ၁၀မျိုးကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနေသော တိုင်းတစ်တိုင်းလည်းဖြစ်ကြောင်း။

စိုက်ပျိုးသီးနှံများအောင်မြင်ဖြစ်ထွန်းသည့် အတွက်ကြောင့် စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုကဏ္ဍတွင်လည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း။

စစ်ကိုင်းတိုင်းဒေသ၏ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ စသည့် လုပ်ငန်းအရပ်ရပ်အားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံပြည်သူအားလုံးက ပူးပေါင်းလက်တွဲပြီး အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်၍လည်း စစ်ကိုင်းတိုင်း ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်း ဖွံ့ဖြိုးတိုးတက်စေရန် မုံရွာလေဆိပ်အဆင့်မြှင့် တည်ဆောက်ပေးခြင်းအတွက်လည်း နိုင်ငံတော်အား ကျေးဇူးတင်ရှိပါကြောင်းဖြင့်ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား မုံရွာမြို့မှ ဒေါက်တာဝင်းမြင့်အောင်က မုံရွာလေဆိပ် ဖွင့်လှစ်နိုင်ခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မုံရွာလေဆိပ်ကို တာဝန်ယူတည်ဆောက်ခဲ့သည့် ရွှေသံလွင်ဟိုက်ဝေး ကုမ္ပဏီလီမိတက်မှ ဝန်ထမ်းများကိုယ်စား အင်ဂျင်နီယာမှူးကြီး ဦးတင်ဝင်းအား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဖဲကြိုးဖြတ်ဖွင့်လှစ်မည့်နေရာ၌ နေရာယူကြပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် တိုင်းမှူးဗိုလ်ချုပ်သာအေး၊ ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေနှင့် ရွှေသံလွင်ဟိုက်ဝေးကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က မုံရွာလေဆိပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မုံရွာလေဆိပ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မုံရွာလေဆိပ်ကမ္ပည်းမော်ကွန်းကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲမှခ်ဦးရှေ့၌ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

စာအုပ်ဈေးပွဲတော် ဆက်လက်ရောင်းချ

ရန်ကုန် မတ် ၂၁

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်ကကြီးမှူး၍ စာအုပ်ဈေးပွဲတော်ကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း(အထက်) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း(ယခင်ရုံးချုပ်) အဆောက်အအုံ၌ ဆက်လက်ဖွင့်လှစ် ရောင်းချသည်။

စာအုပ်ဈေးပွဲတော်သို့ ဌာနဆိုင်ရာများ၊ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား၊ကျောင်းသူများ ၅၀၀၀ကျော်လာရောက်လေ့လာဝယ်ယူအားပေးကြရာ ယမန်နေ့က ငွေကျပ်ခြောက်သိန်းခွဲကျော်ဖိုးရောင်းချရပြီး ယနေ့တွင် ငွေကျပ်ကိုးသိန်းကျော်ဖိုး ရောင်းချရသည်။

စာအုပ်ဈေးပွဲတော်ကို မတ်၂၈ရက်အထိ ပိတ်ရက်မရှိနေ့စဉ် နံနက်၉နာရီမှ ညနေ၅နာရီအထိ အထူးလျှော့ဈေးနှုန်းဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ အာဆီယံငွေကြေးဆွေးနွေးပွဲ တက်ရောက်

ရန်ကုန် မတ် ၂၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ မတ်၁၈ရက်နှင့် ၁၉ရက်တို့တွင် ကျင်းပသည့် အာဆီယံနှင့် ဆွေးနွေးဘက် သုံးနိုင်ငံတို့၏ အရှေ့အာရှဒေသအတွင်း ငွေကြေးနှင့် ဘဏ္ဍာရေးပေါင်းစည်းရေး မူဝါဒဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

မတ်၁၈ရက်နှင့် ၁၉ရက် နံနက်ပိုင်း ဆွေးနွေးပွဲတွင် အရှေ့အာရှ၌ ငွေကြေးနှင့် ဘဏ္ဍာရေး ပေါင်းစည်းမှုအခြေအနေ၊ နိုင်ငံခြားငွေ လဲလှယ်နှုန်း ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံခြားသီးသန့်ငွေ စုပေါင်းထားရှိမှု၊ သတင်းအချက်အလက်ဖလှယ်မှု၊ အနီးကပ်ကြပ်မတ်မှုစနစ်များနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်ပတ်သက်၍ဆွေးနွေးကာ အမြင်ချင်းဖလှယ်ကြပြီး အနာဂတ်ကာလလုပ်ဆောင်ရမည့် ဆောင်ရွက်ချက်များကို ဆွေးနွေးခဲ့ကြသည်။

မတ်၁၉ရက် မွန်းလွဲပိုင်းတွင် အာရှငွေချေးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် အစည်းအဝေးကို ကျင်းပခဲ့ရာ လုပ်ငန်းအဖွဲ့အသီးသီးက အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို တင်ပြကြပြီး Focal Group ဖွဲ့စည်းနိုင်ရန် Terms of Reference (TOR)အပေါ် သုံးသပ်ဆွေးနွေးခဲ့ကြ၍ ယင်း TOR ကို စင်ကာပူနိုင်ငံ၌ ကျင်းပမည့် အာဆီယံနှင့် ဆွေးနွေးဘက် သုံးနိုင်ငံတို့၏ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယ အကြီးအကဲများ အစည်းအဝေးသို့ အစီရင်ခံတင်ပြရန် သဘောတူခဲ့ကြသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိန်နှင့်အတူ

ဝံသာနုသတင်းလွှာ အတွဲ(၁၃)အမှတ်(၆)ထုတ်ဝေ

ရန်ကုန် မတ် ၂၁

တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် ဗိုလ်ချိုကျွန်းမှ သဘာဝအလှပုံရိပ်များဖြင့် "ဝံသာနု" သတင်းလွှာ အတွဲ(၁၃) အမှတ်(၆)ကိုယနေ့ထုတ်ဝေလိုက်သည်။ **(ယာပုံ)**

"ဝံသာနု"သတင်းလွှာတွင် တောင်ငူမြို့ သမိုင်းဝင်ကေလဇာတိဘုရားပလ္လင်အောက်မှ ရှေးဟောင်းကြေးဆင်းတုတော်တစ်ဆူနှင့် စေတီငယ်များတွေ့ရှိ၊ အိမ်သာ၍ ညှော်လာကြသည်၊ တွံတေးတူးမြောင်းအနီးတွင် ရေယာဉ်တစ်စင်းနစ်မြုပ်၊ ဗဟန်းမြို့နယ်မှ ဟိုတယ်တစ်ခုတွင် မင်းမဲ့စရိုက်ဆန်သော ရမ်းကားမှု၊ လှည်းကူးမြို့နယ်မှ တရားမဝင်သစ်များ၊ လူမှောင်ခိုပွဲစားအား အောင်မင်္ဂလာ အဝေးပြေးဂိတ်တွင် ဖမ်းမိ၊ မီးသွေးဖိုဟောင်းထဲမှ ရွှေဝါရောင်စပါးကြီးမြွေလေးကောင်၊ အဝီစိတွင်းတူးရာမှ သဘာဝဓာတ်ငွေ့များတွေ့ရှိစသောပြည်တွင်းသတင်းများနှင့် စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် မီးရထားတွဲများဗုံးခွဲခံရ၊ အီရတ်နိုင်ငံမှ အသေခံဗုံးခွဲတိုက်ခိုက်မှုများ၊ အမေရိကန်တို့၏ ရဟတ်ယာဉ်စီမံကိန်းတစ်ခုဖျက်သိမ်း၊ နိုင်ငံငယ်များမှ လူမှောင်ခို၊ လူကုန်ကူးမှုပြဿနာ၊ ဗီယက်နမ်စစ်ပွဲမှ အမေရိကန်တို့၏ အဆိပ်လက်နက်သုံးစွဲမှုအမွေ၊ တောင်ကိုရီးယားနိုင်ငံမှ ပါတီကိုယ်စားလှယ်အမတ်များ၏ ရန်ပွဲ၊ ယာဉ်စည်းကမ်းဖောက်ဖျက်သော ကမ္ဘာကျော်ဘောလုံးသမားစသည်တို့ အပါအဝင် ပြည်တွင်း၊ ပြည်ပနိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးနှင့် လူမှုရေးသတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ်(၄၁) ၂၉လမ်း ရန်ကုန်

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ယာဉ်ယန္တရားများ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ရန်ကုန် မတ် ၂၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ရှိ ကုန်သွယ်လယ်ယာဦးစီးဌာနဝင်းအတွင်း ကျင်းပသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ China International Forestry Group (CIFG) မှ ပေးအပ်လှူဒါန်းသည့် ယာဉ်/ယန္တရားများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သစ်တောရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Lei Jiafu တို့က အဖွင့်အမှာစကား ပြောကြားကြသည်။ ဆက်လက်၍ CIFG ဥက္ကဋ္ဌ Mr. Zhanghangde နှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၊ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း၊ ရွှေလီမြို့တော်ဝန် Mr. Si Lizhang တို့က ယာဉ်/ယန္တရားများလွှဲပြောင်းပေးအပ်ခြင်းနှင့် ပတ်သက်၍ အသီးသီးရှင်းလင်းတင်ပြကြသည်။

အစီအစဉ်အရ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် CIFG ဥက္ကဋ္ဌ Mr. Zhang-hangde တို့က ယာဉ်/ယန္တရားနှင့် ပတ်သက်သော စာရွက်စာတမ်းများကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လွှဲပြောင်းပေးအပ်ကြသည်။

ယနေ့အခမ်းအနားတွင် လွှဲပြောင်းပေးအပ်လှူဒါန်းသည့် ယာဉ်/ယန္တရားများမှာ ပထမအသုတ်အဖြစ် သစ်တင်ယန္တရားနှစ်စီး၊ သစ်သယ်ယာဉ်ရှစ်စီး စုစုပေါင်း ၁၀စီးဖြစ်ပြီး ဒုတိယအသုတ်အဖြစ် သစ်သယ်ယာဉ်၁၀စီး စုစုပေါင်း ၂၀စီးကို လွှဲပြောင်းပေးအပ်သည်။ (သတင်းစဉ်)

ပုသိမ်အသင်း(ရန်ကုန်) ဂုဏ်ပြုပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၂၁

၂၀၀၄ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၄ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းခြင်းခံရသော ပုသိမ်ခရိုင်မှ ဆရာတော်ကြီးခုနစ်ပါး၊ သီလရှင်ဆရာကြီး တစ်ပါးနှင့် လူ ... ဂုဏ်ပြု ပူဇော်ပွဲကို ရန်ကုန်မြို့ ကြားတောရလမ်းရှိ ရောဝတီတိုင်းခန်းမ၌ ယနေ့ကျင်းပရာ ပုသိမ်အသင်းအတွင်းရေးမှူး ဦးစိုးဟန်လင်းက အခမ်းအနားဖွင့် စာတမ်းဖတ်ကြားပြီး ဘွဲ့ရဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီး ဒေါ်ကြူနှရီတို့အား ဘွဲ့တံဆိပ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြသည်။

အခမ်းအနားတွင် ပုသိမ်အသင်း ဥက္ကဋ္ဌ ဦးသန်းထွန်း(ရွှေပြည်သစ်)က သီရိသုဓမ္မ မဏိဇောတရဘွဲ့ရ ဦးသန်း

မီးဘေးရှောင် မလောင်ခင်တား

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

မင်းကွန်းတောင်ရိုး (ရေ၊ မီး၊ ဆွမ်း၊ ဆေး)ဆရာတော် တရားပွဲ

ရန်ကုန်   မတ်   ၂၁

မင်းကွန်းတောင်ရိုး(ရေ၊မီး၊ဆွမ်း၊ဆေး) အလှူတော်အဖြစ် ဆရာတော် အရှင်ဓမ္မသာရ(ဒီဃဘာဏက)၏ တရားပွဲစဉ်များကို မတ် ၂၅ရက်မှ ၂၇ရက်ထိ သာကေတမြို့နယ် (၅)ရပ်ကွက် သုမနဓမ္မဗိမာန်ကြီးတွင်လည်းကောင်း၊ မတ် ၂၈ရက်တွင် သုံးခွမြို့ အိဿယကျေးရွာနှင့် မတ် ၂၉ရက်မှ ၃၀ရက်ထိ ပန်းတနော်မြို့တွင်လည်းကောင်း၊ ဧပြီ ၃ရက်နှင့် ၄ရက်တွင် ဒေးဒရဲမြို့တွင်လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က–ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်ခွင့်ရရှိသော ရန်ကုန်တိုင်းမှ မော်ကွန်းဝင် (တတိယဆင့်)ပုဂ္ဂိုလ်များ၏ အမည်စာရင်း

ရန်ကုန်   မတ်   ၂၁

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခွင့် ရရှိကြသော ရန်ကုန်တိုင်းမှ မော်ကွန်းဝင် တတိယဆင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

ကြည့်မြင်တိုင်မြို့နယ်

၁။ ဗိုလ်ကြီးရဲခင်(ငြိမ်း)၊၂၂၈/၇၂၊ တိုက်(၉)၊ အခန်း(၉)၊ ပန်းလှိုင်အိမ်ရာ၊ ပန်းလှိုင်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်။

၂။ ဦးစောထွန်းခင်မြတ် ၁၃၀၀/၇၂၊ အမှတ်(၁၆)၊ အလယ်လမ်း၊ ငြိမ်းချမ်းရေးရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်။

ကမာရွတ်မြို့နယ်

၃။ ဦးအောင်ကြည် တ–၄၀၀၊ တိုက်(ဘီ)၊ အခန်း(၃)၊ မြကန်သာအိမ်ရာ၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း။

ကျောက်တံတားမြို့နယ်

၄။ ဦးတင်အောင် ၁၃၁/၇၉၊ အမှတ်(၁၆၈)၊ ပထမထပ်ယာ၊ (၃၅) လမ်း၊ ကျောက်တံတား။

၅။ ဒေါ်ခင်ဝင်းမြင့် ၁၆၂၀/၇၂၊ စီမံရေးရာဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၊ ဗိုလ်ချုပ်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၊ ကျောက်တံတား။

စမ်းချောင်းမြို့နယ်

၆။ ရဲဘော်ကျော်ညွန့် ၁၀၂၅၊ ၂၁၊ အီး၊ မီးရထားဝင်း၊ ကြည့်မြင်တိုင်ဘူတာ၊ စမ်းချောင်းမြို့နယ်။

၇။ ဦးတင်အေး ၆၈/၈၁၊ အမှတ်(၄၁)၊ ငှက်ပျောတောလမ်း၊ စမ်းချောင်းမြို့နယ်။

၈။ တပ်ကြပ်ကြီးဦးမြသိန်း (ငြိမ်း)၊ တ–၁၉၄/၇၂၊ ၂၆–မြင့်မိုရ်လမ်း၊ စမ်းချောင်း(တောင်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ်။

၉။ ဦးဘိုးအောင်ကျော်(ခ) ဦးဘုန်းအောင်ကျော်၊ ၁၉၇၅ခုနှစ်၊ (၃၆)၊ တတိယလွှာ၊ စမ်းချောင်း(မြောက်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ်။

ပန်းဘဲတန်းမြို့နယ်

၁၀။ ဦးလှကျော် ၂၀/၇၈၊ အမှတ်(၁၁၈)၊ မြေညီထပ်၊ (၂၈)လမ်း၊ (၄) ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်။

ဗဟန်းမြို့နယ်

၁၁။ ဦးသန့် ၁၀၈၆/၇၆၊ ၂၃၊ ဆရာမကြီးလမ်း၊ ဆရာစံတောင်၊ ဗဟန်းမြို့နယ်။

မင်္ဂလာတောင်ညွန့်မြို့နယ်

၁၂။ ဦးအေး၊ တ–၉၂၉၊ အမှတ်(၄၂)၊ (၉၄)လမ်းအပေါ်(ဝဲဘက်၊ ၆–လွှာ)၊ ကန်တော်ကလေးတောင်ပိုင်း၊ မင်္ဂလာတောင်ညွန့်။

၁၃။ ဦးရွှေ၊ ၃၀၁၊ ၆၄/၉၂လမ်း၊ ကန်တော်ကလေးတောင်ပိုင်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

၁၄။ ဦးအုန်းမြင့်၊ ၄၀၂/၇၉၊ အမှတ်(၁၀၀)၊ (၉၃)လမ်း၊ ကန်/ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

၁၅။ ဦးလှစိုး၊ ၁၆/၈၆ခုနှစ်၊ အမှတ်(၂၇)၊ (၉၈)လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

မင်္ဂလာဒုံမြို့နယ်

၁၆။ ဦးမောင်ဖြူ၊ ၂၃၇၊ ပလရ–အိမ်ခြေ(၅၀)၊ (၁)လမ်း၊ အမှတ်(၅) ဝါယာလက်၊ မင်္ဂလာဒုံမြို့နယ်။

၁၇။ ဗိုလ်ကြီးအေးမောင် (ငြိမ်း)၊ ၁၆၁၊ အမှတ်(၉၂)၊ မြစပယ်လမ်း၊ (၃)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။

မြောက်ဥက္ကလာပမြို့နယ်

၁၈။ ဦးမျိုးခင်၊ ၁၆၇၂/၆၂၊ အမှတ်(၇၁၀)၊ သုဓမ္မာလမ်း၊ (ဇ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။

မရမ်းကုန်းမြို့နယ်

၁၉။ ဗိုလ်ကြီးသိန်းလှ(ငြိမ်း)၊ ၅၆၆၊ တိုက်(၁၂)၊ အခန်း(၀၀၁)၊ ရွှေထီးအိမ်ရာ၊ ဘူတာရုံလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။

ရန်ကင်းမြို့နယ်

၂၀။ ဒုအရာခံဗိုလ် သူရတိုးမောင် (ငြိမ်း) စ–၃၊ လိုင်း(၂)၊ အခန်း(၇)၊ စည်ပင်သာယာဝင်း၊ ရန်ကင်းမြို့နယ်။

ရွှေပြည်သာမြို့နယ်

၂၁။ ဗိုလ်ကြီးရဲမြင့် (ငြိမ်း)၊ ၁၄၁ (ပြန်တမ်း)၊ မြေတိုင်း(၁)၊ ပန်းခြံ(၄)၊ ဥသလမ်း၊ အိမ်အမှတ်(၃၅၇/က) (၉)ရပ်ကွက်။ ရွှေပြည်သာမြို့နယ်။

၂၂။ ဦးဘို၊ ၁၇၆/၁၉၇၂၊ အမှတ်(၇၈၂)၊(၄၈)ရပ်ကွက်၊ အနောက်သံဒင်းကျေးရွာ၊ ရွှေပြည်သာမြို့နယ်။

လှိုင်မြို့နယ်

၂၃။ ဦးမျိုးထွဋ် (၂၇/၇၅)က ၁၃၂၃၊ အမှတ်(၁၇)(၂)လမ်း (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။

၂၄။ ဦးသန်းမောင် ၁၁၅၁ အမှတ် (၈၇) သီရိ(၅)လမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်။

လှိုင်သာယာမြို့နယ်

၂၅။ ဦးထွန်းစိန် ၆၃၀/၇၉ အမှတ် (၅၁၆/ခ) အပိုင်း(၂၀) စံပြရပ်ကွက်၊ အပိုင်း(၇) ငွေပုလဲလမ်းမကြီး၊ လှိုင်သာယာမြို့နယ်။

လှည်းကူးမြို့နယ်

၂၆။ ဦးထွန်းလှိုင်(ခ) ဦးထိန်လင်း တ–၈၇၂၉ အမှတ်(၇)ရပ်ကွက်၊ မင်းကုန်းကျေးရွာ၊ ဖောင်ကြီးတိုက်နယ်၊ လှည်းကူးမြို့နယ်။

လသာမြို့နယ်

၂၇။ ဦးအောင်မြင့်(ခ) ဦးဝင်းရှိန် ဒုအရာခံဗိုလ်(ငြိမ်း) ၁၀၄/၅၉ အမှတ် (၇၅) မြေညီထပ် (၂၃)လမ်း၊ လသာမြို့နယ်။

သန်လျင်မြို့နယ်

၂၈။ ဦးဖိုးသက်(ခ)သန်းနွဲ့ ၃၈ ဦးဖိုးသက်(ခ)သန်းနွဲ့ တစ်ဆင့် ဦးအောင်မျိုး–အပိုင်၊ မြယာရိုးရပ်ကွက်၊ လက်ယက်ဆန်းကျေးရွာ၊ ထမလုံ၊ သန်လျင်မြို့။

ဒဂုံမြို့သစ်(တောင်ပိုင်း)

၂၉။ ဗိုလ်ကြီးသန်းမောင် (ငြိမ်း) ၂၀/၇၈ အမှတ်(၃/၃/၉)စစ်မှုထမ်းဟောင်း စံပြကျေးရွာ ဒဂုံမြို့သစ် (တောင်ပိုင်း)။

၃၀။ ဘီအိုင်အေဒေါ်ခင်မြမြ ၃၄၅၈၊ ၁၆၉၊ ဦးအောင်ဇေယျလမ်း၊(၁၈–အေ) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)။

ဒဂုံမြို့သစ်(မြောက်ပိုင်း)

၃၁။ ဦးထွန်းကြည် ၃၄/၇၆ အမှတ် (၈၈၉) (၄၂)ရပ်ကွက်၊ ဒဂုံရွှေများ (၃)လမ်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)။

၃၂။ ဦးတင်မောင် ၃၉/၇၇ အမှတ် (၁၇)၊ သစ္စာ(၅)လမ်း၊ (၃၉–အေ) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)

တာမွေမြို့နယ်

၃၃။ ဦးဖေသက် (ဒုအရာခံဗိုလ်–ငြိမ်း) ၄၀၅ အမှတ်(၂–အေ) (၁၆၆)လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်။

အင်းစိန်မြို့နယ်

၃၄။ ဗိုလ်ကြီးရဲချစ် (ငြိမ်း)၂၀/၇၈ ခြံအမှတ်(၂၃၆–က) အောက်မင်္ဂလာဒုံလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အောင်ဆန်းစာတိုက်၊ အင်းစိန်မြို့နယ်။

၃၅။ ဦးမြစိန် ၂၈၃၀/၁၉၇၂၊ အမှတ် ၃၇၂၊ ထနီလမ်း၊ ကမ်းနားအလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ်။

အလုံမြို့နယ်

၃၆။ ဗိုလ်ကြီးသူရကျော်ရှိန် (ငြိမ်း) ၁၄၆/၇၂၊ အမှတ်(၃၄–အေ)၊ ငုဝါလမ်း၊ စောရန်ပိုင်တောင်ရပ်ကွက်၊ အလုံမြို့နယ်။

၃၇။ တကက ကိုကိုကြီး (ငြိမ်း) ၁၅၅၆၊ အမှတ်(၂၁) ပဒေသာလမ်း၊ စောရန်ပိုင်တောင်ရပ်ကွက်၊ အလုံမြို့နယ်။

ရှေးဟောင်းပျူဒင်္ဂါးများ အမျိုးသားပြတိုက်သို့ လှူဒါန်း

ရန်ကုန်   မတ်   ၂၁

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၉ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ရောက်ရှိပြီး စစ်တွေမြို့ ပြည်တော်သာရပ်ကွက်ရှိ ဗုဒ္ဓေါမော်ကျောင်းတိုက် ဆရာတော် ဦးဉာဏုတ္တရထံမှ အရွယ်စုံရှေးဟောင်း ပျူဒင်္ဂါးငါးပြားကိုလက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ဆက်ကပ်ခဲ့သည်။ ထို့နောက် ဝန်ကြီးသည် ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ အဆိုပါဒင်္ဂါးများသည် တစ်ဖက်တွင် သီရိဝစ္ဆပုံနှင့် အခြားတစ်ဖက်တွင် ခရုသင်းပုံပါရှိကြောင်း တွေ့ရသည်။ **(အပေါ်ပုံ)**

မြန်မာနိုင်ငံ၌တွေ့ရှိရသမျှပျူဒင်္ဂါးများတွင် ယခုကဲ့သို့ ကျပ်စေ့မှပဲစေ့အထိ အရွယ်စုံဒင်္ဂါး ငါးမျိုးကို တစုတစည်းတည်း မရရှိခဲ့ပါ။ အဆိုပါ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်လက်ရာပစ္စည်းများအား ယဉ်ကျေးမှုဗိမာန် ဦးစီးဌာနအောက်ရှိ အမျိုးသားပြတိုက်တွင် အများပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် ခင်းကျင်းပြသသွားမည်ဖြစ်သည်။ (သတင်းစဉ်)

အခြေခံတိုင်းရင်းဆေးပညာ ရက်တိုသင်တန်းဆင်း

ရန်ကုန် မတ် ၂၁

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အခြေခံတိုင်းရင်းဆေးပညာ ရက်တိုသင်တန်း အမှတ်စဉ် (၁/၂၀၀၄)ဆင်းပွဲကို မတ် ၁၉ရက် နံနက် ၉နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ကျင်းပရာ ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ်နှင့် ရဲမှူးချုပ်များ၊ညွှန်ကြားရေးမှူးများနှင့် ဒုတိယ ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ယင်းသင်တန်းကို ဖေဖော်ဝါရီ ၂၃ ရက်မှ ယနေ့အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အခြားအဆင့် သင်တန်းသား၅၀ဦး၊ အကျဉ်းဦးစီးဌာနမှ အခြားအဆင့် သင်တန်းသားငါးဦး စုစုပေါင်း သင်တန်းသား ၅၅ ဦးတက်ရောက်ခဲ့ကြသည်။

အလားတူ မန္တလေးတိုင်းရဲတပ်ဖွဲ့ အောင်ဆန်းခန်းမ၌လည်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အခြားအဆင့် သင်တန်းသား ၅၀ဦး၊အကျဉ်းဦးစီးဌာနမှ အခြားအဆင့် သင်တန်းသားငါးဦး စုစုပေါင်း သင်တန်းသား ၅၅ဦးတို့ဖြင့် တစ်ချိန်တည်း တစ်ပြိုင်တည်း သင်တန်းဆင်းပွဲ ကျင်းပရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ထွဋ် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

(သတင်းစဉ်)

မဇ္ဈိမာရုံကျောင်း တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၁

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ မဇ္ဈိမာရုံကျောင်း၌ (၉)ကြိမ်မြောက် တရားစခန်းပွဲကို တန်ခူးလဆန်း ၃ရက်မှ ၁၂ရက် (မတ်၂၃ရက်မှဧပြီ၁ရက်အထိ) ရွှေရမ္မာ အရှင်စန္ဒသိရီက ဟောကြားပြသမည်ဖြစ်၍ တရားစခန်းဝင်လိုသော ယောဂီများ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့်ကွန်ပျူတာ စွမ်းရည်ပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၂၁

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့် ကွန်ပျူတာအသုံးချမှု စွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက် ၉နာရီမှ ၁၁နာရီအထိ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(လှိုင်)၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကျင်းပရာသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် ကွန်ပျူတာအသုံးချမှုစွမ်းရည်ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (လှိုင်) မော်ကွန်းထိန်း ဦးစောရွှေ၊ လုပ်ငန်းအဖွဲ့ဝင်များ ဖြစ်ကြသော ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (လှိုင်) ပါမောက္ခ ဌာနမှူး ဦးမြသိန်းနှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (လှော်ကား) တာဝန်ခံကျောင်းအုပ် ဒေါ်ခင်ဝင်းမော်၊ ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်(လှိုင်)မှ ဆရာ၊ဆရာမများ လာရောက်ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

မတ် ၁၁ရက်က အမှတ်(၁၁၉)၊ ၁၅၇လမ်း တာမွေမြို့နယ်နေ ဒေါ်သီသီမိသားစုက ဒေါ်သီသီ၏ (၆၂)နှစ်မြောက် မွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်တို့အတွက် အလှူတော်ငွေ ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှသိန်းက လက်ခံယူစဉ်။ (က-ပ)

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် မတ် ၂၁

၂၀၀၄ခုနှစ်မတ်လ ၂၁ရက်နေ့ မြန်မာစံတော်ချိန် (၀၂)နာရီ၊ (၁၀)မိနစ်၊ (၂၆)စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ မြောက်ဘက် ၂၆၂မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာကိုဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ဒသမ ၈ အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားခြင်းကို တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနကထုတ်ပြန်သည်။

အငယ်တန်းသတင်းထောက်ရာထူး ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်း ကြေညာ

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်တွင် လစ်လပ်လျက်ရှိသော အငယ်တန်းသတင်းထောက် (လစာနှုန်းကျပ် ၅၄၀၀-၁၀၀-၅၉၀၀)ရာထူးနေရာများ၌ ဖြည့်စွက်ခန့်ထားရန် လျှောက်ထားသူများအား (၆-၃-၂၀၀၄)ရက်နေ့က နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်တွင် ရေးဖြေစာမေးပွဲပြုလုပ်ခဲ့သည်။

ရေးဖြေစာမေးပွဲအောင်မြင်သူများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

အမှတ်စဉ်	ခုံအမှတ်	အမည်	အဘအမည်
၁။	၄	ဦးအောင်နိုင်ဦး	ဦးလှကျော်ထွန်း
၂။	၈	ဦးလင်းလင်းဦး	ဦးညွန့်ဆိုင်
၃။	၁၂	ဦးအောင်ထွန်းဦး	ဦးကျော်ငွေ
၄။	၁၃	ဦးအောင်သိန်းကျော်	ဦးအောင်ကျော်စိန်
၅။	၁၇	ဦးမောင်လင်းထွဋ်	ဦးအောင်စီ
၆။	၁၉	ဦးတင်ကို	ဦးသောင်းရွှင်
၇။	၂၁	ဦးကိုကိုလတ်	ဦးကုလား
၈။	၂၅	ဦးရန်နိုင်ဟိန်း	ဦးကြည်မောင်
၉။	၂၇	ဦးမြင့်ထွေး	ဦးအောင်မြင့်
၁၀။	၂၈	ဦးနိုင်သူလတ်	ဦးညွန့်နိုင်
၁၁။	၄၀	ဦးကျော်မျိုးသန့်	ဦးစံတင်
၁၂။	၄၃	ဦးမျိုးမင်းဦး	ဦးစိန်ငွေ
၁၃။	၆၉	ဦးသိန်းအေး	ဦးဘကန်
၁၄။	၇၁	ဦးမင်းထွဋ်ဦး	ဦးမြင့်အေး
၁၅။	၇၄	ဦးမျိုးမောင်မောင်စိုး	ဦးစိုးသန်း

ရေးဖြေစာမေးပွဲအောင်မြင်သူများအား (၃၀-၃-၂၀၀၄)ရက်နေ့ နံနက် ၉နာရီခွဲတွင် အမှတ် ၂၁၂၊သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၌ လူတွေ့စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်သည်။

သို့ပါ၍ (၂၉-၃-၂၀၀၄)ရက်နေ့ ညနေ ၄:၀၀နာရီနောက်ဆုံးထား၍ မန်နေဂျာ၊ သတင်းဌာန၊သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်းအမှတ်-၂၉၄၆၂၁ သို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် အကြောင်းကြားသည်။

အရည်အချင်းစစ်ဆေးရေးအဖွဲ့

ကမ္ဘာလှည့်အပျော်စီးသင်္ဘောရောက်ရှိ

ရန်ကုန် မတ် ၂၁

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုနှင့် Myanmar Voyages International Tourism Co., Ltd. ၏ စီစဉ်မှုတို့ဖြင့် ကမ္ဘာလှည့်ခရီးသည် ၃၈၁ဦး ပါရှိသည့် MV Astor အပျော်စီးသင်္ဘောသည် ရန်ကုန်တိုင်း မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ ယနေ့နံနက် ၆နာရီတွင် ဆိုက်ရောက်လာရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းငွေ၊ မြန်မာ့ခရီးသွားလုပ်ငန်းမှ အထွေထွေ မန်နေဂျာ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် သက်ဆိုင်ရာကုမ္ပဏီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါသင်္ဘောမှ ကမ္ဘာလှည့်ခရီးသည်များသည် အဖွဲ့များခွဲ၍ ရန်ကုန်မြို့တွင်း ခရီးစဉ်၊ ပဲခူးခရီးစဉ်၊ သန်လျင်ခရီးစဉ်နှင့် ပုဂံခရီးစဉ်များသို့ သွားရောက်လည်ပတ်ကြမည်ဖြစ်ပြီး မတ်၂၃ရက် နံနက်ပိုင်းတွင် အပျော်စီးသင်္ဘောသည် မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မင်္ဂလာညစာစားပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၂၀၃)နေ ဦးတင်စိန် (ဥပဒေအကြံပေး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်ခင်လှနွယ် (ကျောင်းအုပ်ဆရာမကြီး)တို့၏သား

ဗိုလ်ကြီး ကျော်သူစိုး B.Sc(D.S.A)

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အမှတ်(၇၅)နေ ဗိုလ်မှူးချုပ်အောင်သိန်းလင်း(မြို့တော်ဝန်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ)- ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်တို့၏သမီး

မသီတာမျိုး B.Sc(Zoology)

တို့၏ ၂၁-၃-၂၀၀၄ရက်နေ့ Sedona Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာခံပွဲသို့ မင်္ဂလာလက်ဆောင်မွန်များ ပေးပို့ချီးမြှင့်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းမိသားစု၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့်ဇနီးများ၊ မင်္ဂလာပန်းကုံးနှင့်မင်္ဂလာလက်စွပ်များ ချီးမြှင့်ပေးသော ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေးညွန့်၊ ကြွရောက်ချီးမြှင့်ကြသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ၁၉-၃-၂၀၀၄ ရက်နေ့ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးညစာခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ Myayeiknyo Royal Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ ကြွရောက်အားပေးကြသော မိတ်ဆွေသူငယ်ချင်းများ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၃၈)သင်တန်းမှ သူငယ်ချင်းများအားလည်းကောင်း၊ ၁၄-၃-၂၀၀၄ရက်နေ့တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ဒုတိယရှေ့နေချုပ် ဒေါက်တာ ဦးထွန်းရှင်အားလည်းကောင်း၊ မင်္ဂလာပန်းကြပေးသော ရုပ်ရှင်သရုပ်ဆောင်ရတနာခင်၊ မင်္ဂလာပန်းကုံးနှင့်မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မယဉ်ယဉ်နွယ်စိုး၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ဒေါ်တင်တင်မြ၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော အဆိုတော် ကိုအောင်ရင်နှင့် Evening Stars တေးဂီတအဖွဲ့၊ မေတ္တာဖြင့် စိန်ရတနာဆင်မြန်းပေးသော ဦးဝင်းနိုင်-ဒေါ်စန်းစန်း၊ မှတ်တမ်းဓာတ်ပုံအကိုင်းနှင့်အဖွဲ့၊ မင်္ဂလာအခမ်းအနားအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးသော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ Sedona Hotel ၊ Myayeiknyo Royal Hotel တို့မှ ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်ဗိုလ်ကြီးကျော်သူစိုး-မသီတာမျိုး။

အမြန်ရောင်းရန်ရှိ
SANYO Airconditioner Stand
Type (၃)လုံး (ESPACIO)
SPW-V-36265
မြင်းကောင်ရေ ၅ ကောင်အား။
ဖုန်း-၂၅၁၃၉၆၁၊ ၂၅၁၃၉၆၂

ဂိုဒေါင်စက်ရုံအမြန်ငှားမည်
(ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ရန်)
စက်ရုံအကျယ်-2800sqft(သို့)3000sqft(သို့)5800sqft 400 မီတာရေးရှိ
ဆက်သွယ်ရန် ဖုန်း-၂၅၁၃၉၆၁၊ ၂၅၁၃၉၆၂
ဈေးနှုန်းနှင့်သာဆက်သွယ်ရန်

TAXI ရောင်းမည်
1984 Model
MAZDA 626
အ / ----
ဖုန်း-၂၁၀၀၅၆၊ ၀၉-၅၀-၁၀၅၁၁

EVER CLEAN CO.,LTD.
ဝန်ထမ်းအလိုရှိသည် (မြည်စွာခွင့်စေနေ့ဘားရန်)
ကျား (၅) ဦး ၊ မ (၁၀) ဦး
(ကျား/မ) ၅ ဦး
ILR (ကျား/မ) ၁ ဦး
ILR
Marketing (ကျား/မ) ၁ ဦး
Marketing
Ever Clean Co.,Ltd.

အလှပြင်ဆိုင်ဝန်ထမ်းအလိုရှိသည်
ဆံပင်ညှပ်ကောက်ကျွမ်းကျင် မ (၂) ဦး
ခေါင်းလျှော်ကျွမ်းကျင် မ (၄) ဦး
မိတ်ကပ်ကျွမ်းကျင် မ (၁) ဦး
ကြော်ငြာပါသည့်နေ့မှစ၍ (၂) ပတ်အတွင်းဆက်သွယ်ရန်
အမှတ်(၅၀၁)၊ MWEA Tower ရွှေတိဂုံဘုရားလမ်း၊
ဒဂုံမြို့နယ်၊ ဖုန်း - ၂၅၄၉၉၄
C.V နှင့်အတူအလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်
စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊
သန်းခေါင်စာရင်းမိတ္တူ။

Home Distribution Group

Ready Made Floor အဆင့်မြင့်အဆင့်ခင်းကျွန်းထိုးပြား
- ကျွန်းထက်ခံနိုင်ရည် နှစ်ဆမြင့်မား
- ပိုးမွှားများ မရှင်နိုင်
- Al_2O_3 သတ္တုအလွှာပါးအုပ်ထားသဖြင့်
  - ဆေးလိပ်မီးမကျွမ်းနိုင်
  - ပရိဘောဂကြောင့် အစင်းရာ ခြစ်ရာ မထင်နိုင်
  - အရောင်မမှိန်၊ ပေါလစ်တင်ရန် မလို။

စိမ်တိုင်ကျရောက် ... ကြိုက်လက်ခံဆင်ပေးပါသည်

ဈေးနှုန်း: အဆင့်မီကျွန်းလွှာထိုးဈေးထက်သက်သာ
လက်တွေ့စိတ်တိုင်းကျစမ်းသပ်ဝယ်ယူနိုင်သောနေရာ (Office & Show Room)

Decorative Wall Covering နံရံလပ်ပိုးအားပါပလတ်စတစ်
- စက္ကူမဟုတ်၊ ပိုးသားပါပြီး၊ ဒီဇိုင်းစုံလင်လှပ (Wall paper မဟုတ်ပါ)
- မတော်တဆပေါက်ပျက်က အစားထိုး လဲလှယ်နိုင်
- ညစ်ပေသွားလျှင် ဆပ်ပြာရည်ဆွတ်ထားသော တစ်ရှုဖြင့်ဆေးနိုင်

ဈေးနှုန်း: ပလပ်စတစ်အိမ်သုံးတ်ဆေးထက်ဈေးသက်သာ

ရုံး/သုံး အစိုးရဌာနများနှင့် နိုင်ငံခြား ဇာတ်လမ်းတွဲများတွင် အခန်းအလှဆင်ရန် အသုံးပြုနေကြောင်း တွေ့မြင်နိုင်ပါသည်။

အမှတ် F 2-6၊ ပထမထပ်၊အောင်ဆန်းကွင်းမြောက်ဘက်တန်း(ရှု.ဆ.ပ.လရေ)ရန်ကုန်မြို့၊ ဖုန်း - ၂၅၁၃၉၆၀၊ ၂၅၁၃၉၆၁၊ ၂၅၁၃၉၆၂၊ Fax: ၂၅၁၃၉၅၈

ဘွဲ့တံဆိပ်တော်ရဆရာတော် ပူဇော်

ဆင်ဖြူကျွန်း မတ် ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းကို ခံယူတော်မူသော မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယက သီရိပဝရ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိဓဇ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၌ ရုံးထိုင်ဆောင်ရွက်တော်မူရာမှ မတ် ၈ ရက် ညနေ ၃ နာရီတွင် ဆင်ဖြူကျွန်းမြို့နယ်သို့ ပြန်လည်ကြွလာတော်မူရာ တပည့်သံဃာတော်များနှင့် ဒါယကာ၊ဒါယိကာမများက ကြိုဆိုပူဇော်ကန်တော့ကြသည်။

ကျောင်းတိုက်၏ ဂန္ထဝါစက မြို့နယ်သံဃဥက္ကဋ္ဌ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရာဘိဝံသနှင့် သံဃာတော်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဆင်ဖြူကျွန်းမြို့ ဗုဒ္ဓဒေသနာတော် လေ့လာဖော်ထုတ်ရေးကော်မတီဝင်များ၊ လူမှုရေး၊ သာသနာရေးအသင်းဝင်များက ကျောင်းတိုက်အတွင်းရှိ ဝိဇယာနန္ဒသိမ်ကျောင်းဆောင်ကြီးတွင် ဆရာတော်အား ဖူးမြော်ကန်တော့ကြသည်။ **(၁၅၈)**

မတ် ၁၇ ရက်က ကျောက်တန်းအထက-၂(သော်ကကျောင်း)ခန်းမတွင် ကျောက်တန်း-ရန်ကုန် ငြိမ်းချမ်းရေးမော်တော်ယာဉ်လိုင်းအမှတ်(၁၈၁-၁၀၄) ပိုင်/မောင်း/ရောင်းများ၏ကိုယ်စား ဦးအောင်သန်းမြင့်နှင့် ဦးညွန့်ရှင်တို့က ကျောက်တန်းမြို့ နာရေးကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းရွှေထံ အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ်ပြန်/ဆက်)

အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသ ကျန်းမာရေးနှင့်လူမှုဖူလုံရေးဆိုင်ရာ ဟောပြော

မန္တလေး မတ် ၁၈

မန္တလေးမြို့ အလုပ်သမားဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်ခင်ကြူနှင့် လူမှုဖူလုံရေးအဖွဲ့ မန္တလေးတိုင်း၊ တိုင်းမန်နေဂျာ ဦးငွေအောင်တို့ဦးဆောင်လျက် သမားတော်ကြီး ဒေါက်တာ ဦးသန်းမောင်၊သားဖွားမီးယပ်အထူးကု ဒေါက်တာဒေါ်မေခိုင်၊ ခွဲစိတ်အထူးကု ဒေါက်တာစိုးလှိုင်၊ နားနှာခေါင်း၊ လည်ချောင်းအထူးကု ဒေါက်တာ ဒေါ်ခင်လှလှ၊ မျက်စိအထူးကု ဒေါက်တာဒေါ်စန်းစန်းနွယ်နှင့် သွားအထူးကု ဒေါက်တာ ဦးစိန်ကျော်တို့အဖွဲ့သည် မတ် ၁၆ ရက်တွင် စဉ့်ကိုင်မြို့နယ် အမှတ်(၃)စက္ကူစက်(ပလိပ်)ရှိ ဝန်ထမ်း ၁၅၁ ဦးအား ကွင်းဆင်းဆေးကုသမှုပေးသည်။

ထို့နောက် ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်ခင်ကြူနှင့် တိုင်းမန်နေဂျာ ဦးငွေအောင်တို့က ကျန်းမာရေးပညာပေးနှင့် လူမှုဖူလုံရေးစီမံကိန်းဆိုင်ရာများ ဟောပြောခဲ့ကြသည်။ **(က-ပ)**

ခုနစ်ရက်စခန်းပွဲ

လှည်းကူး မတ် ၁၅

ရန်ကုန်တိုင်း လှည်းကူးမြို့ နိဗ္ဗာန်ဆိပ်ဦးမဟာစည် သာသနာ့ရိပ်သာတွင် တန်ခူးလပြည့်ကျော် ၈ ရက်မှ ၁၄ ရက်နေ့အထိ ခုနစ်ရက်တိုင်တိုင် မဟာသတိပဋ္ဌာန် အလုပ်ပေး တရားတော်ကို ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဆရာတော်များက ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသူများ နှင့် ဆွမ်းလှူဒါန်းလိုသူများ ဖုန်း ၆၂၈၄၇၀သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ခုတင် ၁၀၀ ဆံ့ ဆေးရုံဆောက်လုပ်ပြီးစီး အလှူရှင်များ ဆွမ်းဆက်ကပ်လှူဒါန်း

ကျောက်ပန်းတောင်း မတ် ၁၂

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးအတွင်း ခုတင် ၁၀၀ ဆံ့ အာရ်စီ နှစ်ထပ်ဆေးရုံသစ်ကြီးအား အလှူရှင် ၂၃ ဦးတို့က ကျပ် သိန်းပေါင်း ၃၅၀ ကျော် အကုန်အကျခံ၍ ဆောက်လုပ်ပြီးစီးသွားပြီဖြစ်သည်။

အဆိုပါ ဆေးရုံသစ်ကြီး ပြီးစီးမှု အထိမ်းအမှတ်အဖြစ် အလှူရှင်များက မြို့နယ် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အား ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို မတ် ၁၆ရက် နံနက်က အဆိုပါဆေးရုံသစ်ကြီးတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ် ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်ပရိသတ်များ တက်ရောက်ကြသည်။ **(၁၉၂)**

မအူပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော အောင်ဟိတ်-သိပ်သာ-စစ်ချောင်း အရှည်ရှစ်မိုင်ခုနစ်ဖာလုံရှိ မြေသားလမ်း ဖောက်လုပ်နေခြင်းကို စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကျော်စန်းနှင့်အဖွဲ့ မတ် ၁၅ ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်ဦးတို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

တဆယ်ကဲကျေးရွာ အစိုးရမူလတန်းကျောင်းဖွင့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

တန့်ဆည် မတ် ၁၀

နဘက်ငယ်အုပ်စု တဆယ်ကဲကျေးရွာ အစိုးရမူလတန်းကျောင်းဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၆ ရက် နံနက် ၁၀ နာရီက တဆယ်ကဲကျေးရွာ မူလတန်းကျောင်း၌ ကျင်းပသည်။

ရှင်းလင်းမှာကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းအေးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးကံသိန်းက ပညာရေးဌာနလုပ်ငန်းများကို ရှင်းလင်းမှာကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ကျောင်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌဦးတင်ပိုက မူလတန်းကျောင်းနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဦးကံသိန်းထံ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မြို့နယ် သတင်းများ

မြောင်းမြခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်ဆောက်လုပ်ရေးနှင့် ခရိုင်စည်ပင်သာယာရေးအဖွဲ့၊ အိမ်မဲမြို့နယ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ မတ် ၁၀ ရက်က ကြို့ကုန်းကျေးရွာ ချောင်းကူးတံတားတည်ဆောက်ရန် လမ်းကြောင်းရွေးချယ်မှုများ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (၁၇၆)

သန်လျင်ကသစ်ဝိုင် တရားစခန်းပွဲ

သန်လျင် မတ် ၂၀

သန်လျင်မြို့ ကသစ်ဝိုင် အောင်ချမ်းသာ ဝိပဿနာဓမ္မရိပ်သာ၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးအာစရသိက္ခ အရှင်သူမြတ်က သင်္ကြန်(ဒုလ္လဘ) တရားစခန်းပွဲကို ၁၃၆၅ ခု နှောင်းတန်ခူး လပြည့်ကျော် ၆ ရက် (ဧပြီလ ၁၀ ရက်)နေ့မှစ၍ ဦးတန်ခူးလပြည့်ကျော် ၁၄ ရက် (ဧပြီလ ၁၈ ရက်)နေ့အထိ သန်လျင်မြို့ အောင်ချမ်းသာ (၃)ရပ်ကွက်ကသစ်ဝိုင် အောင်ချမ်းသာ ဓမ္မရိပ်သာကြီးတွင် ဖွင့်လှစ်မည်ဖြစ်၍ တရားဝင်လို သောယောဂီများ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍမှတ်တမ်း ဖန်ခါးမြေမဂ္ဂဇင်း စာမူများပေးပို့နိုင်

မကွေး မတ် ၁၅

မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က တိုင်းအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ အကောင်အထည် ဖော်နိုင်မှုကို မှတ်တမ်းတင်မည့် **ဖန်ခါးမြေမဂ္ဂဇင်း** ကို ထုတ်ဝေမည်ဖြစ်သည်။

ဆက်သွယ်ပေးပို့နိုင်

ကြော်ငြာထည့်သွင်း လိုသူများနှင့် စာပေဝါသနာရှင်များ အနေဖြင့် ကဗျာ၊ ဆောင်းပါး၊ဝတ္ထု၊ ကာတွန်းစာမူများကို ဦးအောင်ဝင်း တိုင်းအုပ်ချုပ်ရေးမှူး မကွေးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း-၀၆၃-၂၃၁၂၁၊ ဦးခင်မောင်ဆွေ အတွင်းရေးမှူး မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ၀၆၃-၂၃၆၆၆၊ ဦးကျော်ဇောလင်း မကွေး (ဥက္ကဋ္ဌ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့) စီ/၃၃၀၊ ၁၅လမ်း၊ ကန်သာရပ် မကွေး ဖုန်း-၀၆၃-၂၁၇၉၁တို့သို့ ဧပြီ ၃၀ရက် နောက်ဆုံးထား ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(၅၀၄)**

စစ်တွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာကြည့်တိုက်နှင့် ကျေးလက်စာကြည့်တိုက်များသို့ စစ်တွေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ငွေကျပ် ၁၂ သိန်းကျော်ဖိုးရှိ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များ ပေးအပ်လှူဒါန်းပွဲ ကို မတ် ၁၄ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင်ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ဦးသင်္ခါကျော် (မြောက်ဦး အနိချေ)နှင့် စာနယ်ဇင်းကိုယ်စားလှယ် ဦးသိန်းမောင်တို့ကမြို့နယ်ဥက္ကဋ္ဌ ဦးအောင်ထွဋ်သို့ ပေးအပ်လှူဒါန်းစဉ်။ (၂၆၄)

သွားရောက်စစ်ဆေး

